ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ စနေနေ့၊ (12-6-2010) (၆၄၂၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာကာပါဂဲလ်အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်ချီးမြှင့်

ရန်ကုန်　　ဇွန်　　၁၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ ညှော်ခံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့်ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

နျူကလီးယားနှင့် ပတ်သက်၍ အခြေအမြစ်မရှိစွပ်စွဲချက်များ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကျိုးပြုမည်မဟုတ် စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းမှုများ အလျှင်းမရှိ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုသာ လိုလားပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့်နိုင်ငံ ဖြစ်လာရန် ရည်ရွယ်ချက်မရှိ

နေပြည်တော်　　ဇွန်　　၁၁

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲပြောကြားချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် မမှန်မကန် စွပ်စွဲပြောကြားချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ယခုရက်ပိုင်းအတွင်း နိုင်ငံတကာသတင်းမီဒီယာများတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယား လက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်ပူးပေါင်း၍ နျူကလီးယားအစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း စွပ်စွဲချက်များကို ထုတ်လွှင့်ဖော်ပြခဲ့ကြပါသည်။

ယင်းသို့ ဝေဖန်ထုတ်လွှင့် ပြောဆိုချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာဖြစ်ပြီး နိုင်ငံရေးထိုးနှက်ရန်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။

ထို့အပြင် ယင်းစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများမှ မမှန်မကန် ထုတ်လွှင့်မှုများဖြစ်ခြင်း၊ တပ်ပြေးအချို့နှင့် ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ စွပ်စွဲပြောကြားချက်ဇာစ်မြစ်တစ်ခုတည်းပေါ် အခြေခံထားခြင်းတို့ကြောင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

ကြေးမုံ The Mirror
၁၂-၆-၂၀၁၀
(စနေနေ့)

မြို့ပြနှင့်ကျေးလက် ဆက်စပ်ဖွံ့ဖြိုးတိုးတက်

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်နေသည်။ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရည်တိုးတက်မြင့်မားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြင့်တင်ရေးနှင့် ကျေးလက်စီးပွားတိုးတက်ကောင်းမွန်ရေးလုပ်ငန်းများဖြစ်သည်။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်နေခြင်းသည် နယ်မြေဒေသဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုသည်။ ကုန်သွယ်စီးပွားရောင်းဝယ်မှုများ မြန်ဆန်သွက်လက်စေသည်။ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန် ကျေးရွာချင်းဆက်သွယ်သည့် လမ်းများ၊ မြို့ပြနှင့် ကျေးလက်ဆက်သွယ်သည့် လမ်းများကို တိုးတက်ဖောက်လုပ်ပေးနေသည်။ လမ်းများနှင့်အတူ တံတားသစ်များကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များက ၁၉၈၈ ခုနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း သုံးသောင်းကျော်နှင့် ကျေးလက်တံတားအစင်း ခုနစ်ထောင်ကျော် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည်။ ထို့နည်းတူ မြို့ပြလမ်းမိုင်ပေါင်း ငါးထောင်ကျော်နှင့် မြို့ပြတံတားအစင်း သုံးထောင်ကျော်ကိုလည်း တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အရေးပါသည့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ၁၀ နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်လာခဲ့ရာ ယခုအခါ အပူပိုင်းဒေသတိုင်းသုံးတိုင်းတွင် ကျေးရွာပေါင်း ရှစ်ထောင်ကျော်၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ အခြားသော ပြည်နယ်နှင့်တိုင်းများရှိ ကျေးရွာပေါင်း တစ်သောင်းငါးထောင်ကျော်၌လည်း သန့်ရှင်းသော သောက်သုံးရေရရှိနေကြပေပြီ။

ယခုအခါ ကျေးလက်ဒေသ အများအပြား၌ အခြေခံပညာကျောင်းဆောင်သစ်များ၊ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းများ တည်ဆောက်ပေးနေပြီ။ တိုက်နယ်ဆေးရုံများ၊ ဆေးကုသဆောင်များ၊ ကျေးလက်ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိသည်။ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ၌ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းဖွင့်ပွဲတို့ကို ဇွန် ၁၀ ရက်က ဖွင့်လှစ်ပေးလိုက်ပြန်ပြီ။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများ၊ စေတနာရှင်များ၊ အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ငွေအား၊ လူအား၊ စေတနာအားဖြင့် သိုက်သိုက်ဝန်းဝန်း ပါဝင်ကူညီနေကြပေပြီ။ ဖွံ့ဖြိုးရေးအခြေခံ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်လာမှုနှင့်အတူ ကျေးလက်နှင့် မြို့ပြဒေသများ ဆက်စပ်ဖွံ့ဖြိုးတိုးတက်စည်ပင်နေပြီ ဖြစ်ပါသည်။ ။

ကျောက်တံခါးမြို့နယ် ရှမ်းဒိုးတန်းကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းခွဲဖွင့်ပွဲကို မေ ၂၅ ရက်က အဆိုပါ ကျောင်းရှေ့မုခ်ဦး၌ကျင်းပရာ မြို့နယ် ပညာရေးမှူး ဦးစောဘိသိန်း၊ တိုင်းလက်ထောက်ပညာရေးမှူး ဦးကျော်လှိုင်(ငြိမ်း)နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်စိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ဇာတ်တိုက်သရုပ်ပြမှု ပြုလုပ်

ဝိုင်းမော် ဇွန် ၁၁

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးမှ ဈေးသူ၊ ဈေးသားများကို ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့်ဆွေ၊ မြစ်ကြီးနားခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးမြင့်သိန်း၊ ဝိုင်းမော်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဦးအုန်းခင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးနှင့်ဝန်ထမ်းများသည် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်း၊ အသိပညာပေးခြင်း၊ မြို့မဈေးကြီးအတွင်း မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ဈေးအဆောက်အအုံများအား မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားများနှင့် စည်ပင်ပိုင်ရေကားတို့ဖြင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇွန် ၃ ရက် နံနက်ပိုင်းတွင် အမ်းမြို့ တိုင်းစစ်ဌာနချုပ်ခန်းမ၌ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ အမ်းချောင်းတံတားလမ်းလုပ်ငန်း ဆောင်ရွက်နိုင်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ပျိုးခြံအတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လပွတ္တာမြို့၌ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာသင်တန်းဆင်းပွဲ ကျင်းပ

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်း လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးအတတ်ပညာ သင်တန်းအမှတ်စဉ်(၄)ဆင်းပွဲကို ဇွန် ၄ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း လပွတ္တာမြို့(၃)မိုင်မြို့သစ် လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေး အတတ်ပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးသိန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လက်သမားသင်တန်း၌ ပထမဆုရ မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၁)ရပ်ကွက်မှ ဦးမင်းသူ၊ ဒုတိယဆုရ မော်လမြိုင်ကျွန်းမြို့ အမှတ်(၂)ရပ်ကွက်မှ ဦးမြင့်ဌေးနှင့် တတိယဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးစိုးသန်း၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း၌ ပထမဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးရွှေတင်၊ ဒုတိယဆုရ လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့မှ ဦးလှဝင်းနှင့် တတိယဆုရရှိသော လပွတ္တာမြို့ အမှတ်(၆)ရပ်ကွက်မှ ဦးရဲထက်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းသားများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် သင်တန်းသားများ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို မေ ၃ရက်မှစ၍ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကာ မော်လမြိုင်ကျွန်းမြို့နယ်နှင့် လပွတ္တာမြို့နယ် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ ဘာသာရပ်တစ်ခုလျှင် သင်တန်းသား ၅၀ စီဖြင့် စုစုပေါင်း သင်တန်းသား ၁၀၀ သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းကာလအတွင်း သင်ထောက်ကူပစ္စည်း၊ သင်တန်းသားများ၏ နေထိုင်စားသောက်ရေး၊ ဝတ်စုံနှင့် ခရီးစရိတ်များ အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် လပွတ္တာမြို့နယ် ရွှေနဒီခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ်(၂)တွင် တက်ရောက်နေသော သင်တန်းသူ ၃၀ နှင့် အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၄)တွင် တက်ရောက်နေသော သင်တန်းသူ ၃၀ တို့၏ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရဲရိပ်သာနေ ဦးအောင်ညွှန့်-ဒေါ်ခင်ဆွေဝင်း၊ သမီး မညွှန့်ညွှန့်ဝင်း မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မထသရုံးချုပ်၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)၏စီစဉ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၇ ရက်က မထသ(ရုံးချုပ်) သင်တန်းခန်းမ၌ကျင်းပရာ မထသရုံးချုပ်မှတာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာနွမ်ဂျာသိုင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော စာပေရေးရာများကို "စာရေးသူမှ စာဖတ်သူသို့" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။**(အောက်ပုံ)** (မထသရုံးချုပ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗလာဒီမီယာ၊ ပူတင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကာပါဂဲလ်အာရိုယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

▲ အတွင်းရေးမှူး(၁) မှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ ညနေ ၆ နာရီ မိနစ် ၃၀ တွင် ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE က ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တည်ခင်းဧည့်ခံ

ဧည့်ခံပွဲတွင် အတွင်းရေးမှူး(၁)နှင့် တက်ရောက်လာသူများသည် နှစ်နိုင်ငံအလံကို အလေးပြုကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦး မြေအောက်ရေဆိုင်ရာ ဘူမိရူပတိုင်းတာရေး ကိရိယာနှင့် ပိုက်လုံးများ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားတက်ရောက်

ရန်ကုန် ဇွန် ၁၁

ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-သာစည်ဇုန်၊ ပျော်ဘွယ်ဇုန်နှင့် နွားထိုးကြီးဇုန်တို့ကို မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းများတွင် အသုံးပြုရန် မြေအောက်ရေဆိုင်ရာ ဘူမိရူပတိုင်းတာရေးကိရိယာ (Terrameter) တစ်စုံနှင့် အချင်း လေးလက်မ၊ အရှည် ၅ ဒသမ ၈ မီတာရှိ Tokyo uPVC Pipe (1000) လုံးကို ADRA Myanmar မှ ပူးပေါင်းကူညီမှုဖြင့် ဂျပန်နိုင်ငံ Japanese Grant Assistance For Grass Roots Level Fund က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ဇွန် ၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Kazuyuki Takeuchi က အမှာစကားပြောကြားပြီး ADRA Myanmar ၏ Country Director ဦးစောတယ်ဒီဒင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ADRA Myanmar မှ လှူဒါန်းသည့် ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝန်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်များသည် လွှဲပြောင်းပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် စာစီစာကုံးဆုပေးပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးဆုချီးမြှင့်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲကို တိုက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ဇွန် ၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် မြို့နယ်ပညာရေးမှူးတို့က စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများကို ချီးမြှင့်ပေးကြသည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာ အထက်တန်းကျောင်းတွင် အရိပ်ရ လေကာပင် ၁၅၀၀နှင့် ဥတို-အဖျောက်ကားလမ်းဝဲ၊ ယာတွင် အပင် ၅၀၀၀ ကိုစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(၅၂၆)

စုပေါင်းစိုက်ပျိုး

တိုက်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ အရိပ်ရ လေကာပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။

(၅၂၆)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အယ်လ်ဘာတို ဂျီ ရိုမြူလို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

News Watch (စောင့်ကြည့်)ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇွန် ၁၁

ဓာတ်ဆီဆိုင်များ ပုဂ္ဂလိကသို့လွှဲပြောင်း၊ ပုဂ္ဂလိကဓာတ်ဆီဆိုင်များ စတင်ရောင်းချနေပြီ၊ အမျိုးသမီးဝန်ထမ်းများခန့်ထား၊ ဓာတ်ဆီစာအုပ်မလို ဆီတိုင်ကီဆံ့သလောက် ရောင်းချပေးနေ၊ သီရိမင်္ဂလာဈေးသစ် လှိုင်မြို့နယ်တွင်တည်ဆောက်၊ ရတနာသဘာဝဓာတ်ငွေ့ ရန်ကုန်သို့ စတင်ပို့လွှတ်ပြီ၊ စက်ရုံမှ အမိုးနီးယား ဓာတ်ငွေ့များကြောင့် လူအချို့မူးဝေခြင်းဖြစ်ပေါ်၊ ၂၀၁၅ ခုနှစ်တွင် မြန်မာပြည် စတော့အိတ်ချိန်း တစ်ခု ထူထောင်ရန် မျှော်မှန်း၊ ဗိုလ်ချုပ်အောင်ဆန်း ဒေါသထွက်သောနေ့တစ်နေ့၊ ဇင်ယော်နီ၏ ဒီနေ့ကံကောင်းချင်ရင်၊ ဒဂုံ(ခေါ်)ရန်ကုန်မြို့သမိုင်း၊ မြန်မာ့စိန်တလုံးသရက်သီး စင်ကာပူသို့ပို့၊ ဘင်္ဂလားဒေ့ရှ်သို့ မြန်မာငါးများတင်ပို့၊ ပုဂ္ဂလိကသစ်ထုတ်လုပ်ရေးလုပ်ငန်းများက ဝန်ထမ်းများခေါ်ယူနေ၊ မြစ်ထဲကရေယာဉ်ငယ်များ စည်းကမ်းမညီက လိုင်စင်ထုတ်ပေးမည်မဟုတ်၊ တန် ၆၀အထက်မော်တော်ကားများ ရန်ကုန်-မန္တလေး လမ်းဟောင်းပိုင်းတွင် သွားလာခွင့်မပြုတော့၊ ဒေါက်တာအောင်ခင်ဆင့်၏ ဆေးလိပ်၊ ဆေးရွက်ရှောင်ကြဉ်ရေး၊ မန်းအားကစားကွင်း အားကစားခန်းမများမှာလည်း ဆေးလိပ်သောက်သူများရှိနေ၊ မိုးရာသီနှင့် သွေးလွန်တုပ်ကွေးအန္တရာယ်၊ မောင်သန်းဆွေ(ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရားအကြောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားပွဲအကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပွဲ လုံခြုံရေးအစီအစဉ်၊ EU က အစ္စရေးအပေါ် ဆက်လက်ဖိအားပေးမည်၊ အီရန်ကို ဘယ်လိုအရေးယူမလဲ၊ အာဖဂန်အကျဉ်းသားများကို ပြန်လည်သုံးသပ်၊ ထောင်နှင့်ချီ သေကျေခဲ့ရသောဓာတ်ငွေ့စက်ရုံယိုစီးမှု ပြစ်ဒဏ်ပေးမှုနည်းပါးဟုဆို၊ ရွှေမင်းသမီးစီးရီးဖြင့်အောင်မြင်လာသော ဗစ်ကီဇော စစ်သူကြီးဘဝသို့ပြောင်း၊ သရုပ်ဆောင်အလုပ်ကလွဲလို့ တံခါးပိတ်ထားတဲ့ ဆွန်ရင်းကြည် စသည့် ပရိသတ်ကြိုက် ကိုရီးယားသရုပ်ဆောင်များနှင့် News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၅) အမှတ် (၄၆) ထွက်နေပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလ သုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ရုပ်နာမ်သိမ်းအေးငြိမ်းနိဗ္ဗာန်ပြည်" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၆း၅၅	ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (အမေများနေ့သီချင်းဆိုပြိုင်ပွဲ)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၁၄)**
၈း၃၀	Sports World (MNL Preview-1)
၈း၅၅	Activities In The City (တောင်ဒဂုံပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ)
၉း၁၀	ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၉း၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၄၀	အရည်အသွေးတို့၏အစပထမ
၁၀း၅၀	ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(သရက်)
၁၁း၂၅	သွားမယ်စားမယ် (Taste Restaurant)
၁၁း၅၀	တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
၁၂း၁၀	ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၁၂း၃၀	လက်မှုပညာ၏ဆန်းသစ်သော ဖန်တီးမှုနှင့်. . .
၁၂း၄၀	မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၁)(ရင်သားကင်ဆာ)
၁း၀၀	"ရုပ်နာမ်သိမ်းအေးငြိမ်းနိဗ္ဗာန်ပြည်" တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Hip Hop Beach-2)
၃း၂၀	အရည်အသွေးတို့၏အစပထမ
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၁၄)**
၄း၀၅	ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
၄း၃၀	စိတ်လှုပ်ရှားစရာနေရာလေးတစ်ခု (သို့မဟုတ်)PUN HLAING COUNTRY CLUB
၄း၄၀	Activities In The City (တောင်ဒဂုံပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်မှ ရွှေရတုကုသိုလ်ဖြစ် ပညာဒါနဖွင့်ပွဲ)
၅း၀၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၅၀	ရန်ကုန်မြင်ကွင်းကျယ် (အမေများနေ့သီချင်းဆိုပြိုင်ပွဲ)
၇း၀၅	Fashion Music Festival (Hip Hop Beach-2)
၇း၃၀	သွားမယ်စားမယ် (Taste Restaurant)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉း၀၀	ဘဝများ [ခင်စန်းဝင်း (Make Up)]
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့ အချစ်" (အပိုင်း-၁၄)**
၁၀း၀၀	မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၁) (ရင်သားကင်ဆာ)
၁၀း၂၀	မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
၁၀း၅၀	ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(သရက်)
၁၁း၁၅	ဘဝများ [ခင်စန်းဝင်း (Make Up)]
၁၁း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
၁၁း၅၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ ဇွန် ၁၁ ရက်က ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အခမ်းအနား ကျင်းပနေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ဂျိုဟန်နက်စဘတ်မြို့တွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပ

ဂျိုဟန်နက်စဘတ် ဇွန် ၁၁

အာဖရိကတိုက်က ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ၂၀၁၀ ဖွင့်ပွဲ အခမ်းအနားကို တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စဘတ်မြို့၌ သောကြာနေ့က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲအခမ်းအနားမတိုင်မီ အာဖရိကတိုက်၏ အကြီးဆုံးအားကစားကွင်းကြီးဖြစ်သော ဘောလုံးမြို့တော် (Soccer City) အားကစားကွင်းကြီးထဲတွင် ခရာမှုတ်သံများဖြင့် ပွက်လောရိုက်နေခဲ့သည်။ အစိမ်းရောင်၊ အနီရောင်နှင့် အဝါရောင်ဝတ်စုံများ ဝတ်ဆင်ထားသော အာဖရိကန် ကချေသည် ရာပေါင်းများစွာတို့သည် အခမ်းအနား မစတင်မီ ကွင်းထဲ၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပရိသတ်များသည် ကမ္ဘာ့ဖလားပွဲ အိမ်ရှင်အသင်းဖြစ်သည့် တောင်အာဖရိကဘောလုံးအသင်း၏ အဝါရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြသည်။

တက်ရောက်ကြသူများ

တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တောင်အာဖရိက သမ္မတဟောင်း အက်ဖ်ဒဗလျူ ဒီကလပ်စ်၊ နယ်လ်ဆင်မင်ဒဲလား၏ဇနီး အပါအဝင် တောင်အာဖရိကနိုင်ငံ၏ အထင်ကရ ပုဂ္ဂိုလ်များ၊ လက်ရှိသမ္မတ ဂျက်ကော့ဘ်ဇူးမား၊ မက္ကဆီကိုသမ္မတ ဖဲလ်လစ်ကယ်လ်ဒရွန်နှင့် အမေရိကန်ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့လည်း တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားမတိုင်မီ ဘောလုံးမြို့တော် အားကစားကွင်းကြီးအထက်မှ တောင်အာဖရိကလေတပ် ဂျက်တိုက်လေယာဉ်များက ဖြတ်ကျော်ပျံသန်းခဲ့ကြသည်။ အခမ်းအနားစတင်ချိန်၌ တောင်အာဖရိကနိုင်ငံမှ ဂီတပညာရှင်များနှင့် နိုင်ငံတကာ အနုပညာရှင်များ ပါဝင်သော အနုပညာရှင် ၁၅၀၀က အာဖရိကနိုင်ငံ ခြောက်နိုင်ငံမှ ရိုးရာအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။ ယင်းနောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲကို အစီအစဉ်အတိုင်းပြုလုပ်ခဲ့ပြီး မီးရှူးမီးပန်းများ ပစ်ဖောက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

အီရတ်၌ ကားဗုံးဖောက်ခွဲ တိုက်ခိုက်မှု ဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း၌ အမေရိကန်နှင့် အီရတ်ပူးပေါင်း စစ်ဘက်ယာဉ်တန်းတစ်ခုကို သောကြာနေ့က ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးအပါအဝင် အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အီရတ်အာဏာပိုင်များ၏ အဆိုအရ အီရတ်နယ်စပ်နှင့် မနီးမဝေး ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၈၀ ခန့်အကွာရှိ ဂျာလူလာအလယ်ပိုင်းဒေသ၌ ကင်းလှည့်နေသော ယာဉ်တန်းကို အသေခံကားဗုံးခွဲ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် အမေရိကန်တိုက်ဖွဲ့ဝင်များအပြင် အီရတ်တပ်ဖွဲ့ဝင် သုံးဦးလည်း သေဆုံးခဲ့ရ ပြီး ၂၂ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျာလူလာ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ၌ သောကြာနေ့ တစ်ရက်တည်းတွင် ဒုတိယအကြိမ် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုဖြစ်သည်။ ယင်းနေ့တွင်ပင် ဘဂ္ဂဒက်မြို့တောင်ပိုင်း ဈေးတစ်ခုအတွင်း ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် လူသုံးဦး သေဆုံးခဲ့ရပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***

အီရန်သို့ ဒုံးကျည်ရောင်းချရေး ရုရှားဆိုင်းငံ့ထား

မော်စကို ဇွန် ၁၁

ကုလသမဂ္ဂက အီရန်ကို ထပ်မံအရေးယူရန် ဆုံးဖြတ်ချက်ချမှတ်လိုက်သည့်အတွက် အီရန်နိုင်ငံသို့ အက်စ်-၃၀၀ လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်များ ပေးပို့မည့် ကန်ထရိုက်စာချုပ်ကို ရုရှားက ဆိုင်းငံ့ထားကြောင်း ကြာသပတေးနေ့ သတင်းများတွင် ဖော်ပြထားသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ချမှတ်သည့် ဆုံးဖြတ်ချက်ကို ရုရှားနိုင်ငံက လိုက်နာမည်ဖြစ်ကြောင်း ရုရှားနိုင်ငံ လက်နက်ရောင်းချမှုကို ထိန်းချုပ်သော စစ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဆိုအရ သိရသည်။

ဆိုင်းငံ့ထား

လက်ရှိအခြေအနေအရ တီဟီရန်သို့ အက်စ်-၃၀၀ လေကြောင်းရန် ကာကွယ်ရေး ဒုံးကျည်စနစ်ပေးပို့မည့် ကန်ထရိုက်စာချုပ်ကို ဆိုင်းငံ့ထားရမည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

ရုရှားနိုင်ငံ အပါအဝင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်နိုင်ငံ အားလုံးက အီရန်နိုင်ငံသို့ ဒုံးကျည်များ၊ ဒုံးကျည်စနစ်များ အပါအဝင် လက်နက်ကြီးများ ရောင်းချခြင်းကို ပိတ်ပင်ရန် သဘောတူခဲ့ကြသည်။ လွန်ခဲ့သည့်နှစ် အနည်းငယ်က ရုရှားသည် တီဟီရန်သို့ အက်စ်-၃၀၀ ဒုံးကျည်စနစ်များ ရောင်းချရန် သဘောတူညီခဲ့သည်။ အီရန်နိုင်ငံ၏ ကာကွယ်ရေး စွမ်းရည် တိုးတက်လာမည်ကို စိုးရိမ်သော အစ္စရေးနှင့် အမေရိကန်တို့၏ ဖိအားပေးမှုများကြောင့် ၎င်းဒုံးကျည် လက်နက်များကို ပေးပို့ခြင်း မပြုခဲ့ပေ။

အမ်အင်အေ၊ရိုက်တာ။

ရုရှားနိုင်ငံက အီရန်နိုင်ငံသို့ ရောင်းချရန် သဘောတူထားသော အက်စ်- ၃၀၀ လေကြောင်းရန် ကာကွယ်ရေးစနစ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂါဇာဒေသ ပိတ်ဆို့မှု ရုပ်သိမ်းနိုင်ရန် ပြန်ပေးဆွဲခံ အစ္စရေးတပ်ဖွဲ့ဝင်နှင့် ကြက်ခြေနီအဖွဲ့ တွေ့ရန်လို

ဂျေရုဆလင် ဇွန် ၁၁

၂၀၀၆ ခုနှစ်က ဖမ်းဆီးခံခဲ့ရသော အစ္စရေးတပ်ဖွဲ့ဝင်ထံသို့ ကြက်ခြေနီအဖွဲ့ သွားရောက်တွေ့ဆုံရန် ဟားမားစ်အဖွဲ့က ခွင့်မပြုခဲ့လျှင် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ထားမှုအား ရုပ်သိမ်းပေးမည် မဟုတ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပိတ်ဆို့မှုကို ရုပ်သိမ်းရန် ဖမ်းဆီးခံထားသော အ စ္စရေးတပ်ဖွဲ့ဝင် ဂီလတ်ရှားလစ်နှင့် ကြက်ခြေနီအဖွဲ့ မှန်မှန်တွေ့ဆုံနိုင်ရေးလိုအပ်ကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီး၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဤလိုလားချက်ကို ဖြည့်ဆည်းမပေးသရွေ့ လက်ရှိအခြေအနေကို ပြောင်းလဲရန် အကြောင်းမရှိကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

ပယ်ချ

ဂါဇာကမ်းမြောင်ကို ပိတ်ဆို့မှုနှင့် ရှားလစ်၏ ကံကြမ္မာကို အစ္စရေးတို့က ဆက်စပ်ထားခြင်းအား ဟားမားစ်အဖွဲ့က ပယ်ချခဲ့သည်။ ပိတ်ဆို့မှုကို ဖယ်ရှားပေးရန် နိုင်ငံတကာက ကြိုးပမ်းလာခြင်းကို လမ်းကြောင်း ပြောင်းလဲသွားစေရန်နှင့် ဖုံးကွယ်ရန် ရည်ရွယ်ချက်သာဖြစ်သည်ဟု ဆိုသည်။

လဲလှယ်မည်

နိုင်ငံရေးခေါင်းဆောင်များနှင့် စစ်သွေးကြွခေါင်းဆောင်များ အပါအဝင် အစ္စရေးတို့ ဖမ်းဆီးထားသည့် ရာပေါင်းများစွာသော ပါလက်စတိုင်း အကျဉ်းသားများနှင့် ရှားလစ်လွှတ်မြောက်ရေးကို လဲလှယ်မည်ဖြစ်ကြောင်း ဟားမားစ်အဖွဲ့က ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်တွင် ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံး

တီဟီရန် ဇွန် ၁၁

အီရန်နိုင်ငံ အနောက်ပိုင်းတွင် ကာ့ဒ်သူပုန်များက လမ်းဘေးဗုံးခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ကြောင်း အီရန်အစိုးရပိုင် သတင်းစာတစ်စောင်က ကြာသပတေးနေ့တွင် ဖော်ပြသည်။

တီဟီရန်မြို့ အနောက်ဘက် မိုင် ၅၆၀ ခန့်အကွာ ပီရန်ရှားမြို့အနီးတွင် ပီအီးဂျေအေကေသူပုန်များက လမ်းဘေးတွင် ဗုံးထောင်ဖောက်ခွဲ တိုက်ခိုက်ရာ နယ်စပ်လုံခြုံရေးရဲတပ်ဖွဲ့ ဒေသန္တရ အကြီးအကဲနှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားခဲ့သော အချိန်ကာလကို သတင်းတွင် ဖော်ပြထားခြင်း မရှိပေ။

အီရန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သော ပီအီးဂျေအေကေအဖွဲ့ဝင် ကာ့ဒ်သူပုန်ငါးဦးကို အီရန်က မေလအတွင်းက ကြိုးပေးကွပ်မျက်ခဲ့သည်။

ပီအီးဂျေအေကေသည် တူရကီ အရှေ့တောင်ပိုင်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ခိုက်နေသော ပီကေကေ ခေါ် ကာ့ဒ်အလုပ်သမား ပါတီ၏ အီရန်အုပ်စုဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဘာဆရာမြို့၌ ကျောက်မျက်ရတနာဆိုင်များ ဓားပြတိုက်ခံရ

ဘဂ္ဂဒက် ဇွန် ၁၁

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် မျက်နှာဖုံးစွပ်သေနတ်သမားများကကျောက်မျက်ရတနာရွှေဆိုင်များကို ဓားပြတိုက်ခဲ့ကြကြောင်း၊ ဆိုင်ပိုင်ရှင်များကို ပစ်သတ်ပြီး ရွှေငွေရတနာ အမြောက်အမြား ယူငင်သွားကြကြောင်း ကြာသပတေးနေ့ သတင်းတွင် ဖော်ပြထားသည်။

ရှီးယိုက်နယ်မြေဖြစ်သော ဘာဆရာမြို့၌ ဖြစ်ပွားသည့် ဓားပြမှုသည် လူ၁၅ဦး သေဆုံးခဲ့သည့် ဘဂ္ဂဒက်မြို့ ရွှေဆိုင်တန်းဓားပြတိုက်မှု ဖြစ်ပွားပြီး နှစ်ပတ်အကြာတွင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇွန် ၉ရက် ည ၈ နာရီခန့်တွင် ဘာဆရာမြို့လယ်ကောင်၌ရှိသော ရွှေဆိုင်သုံးဆိုင်အတွင်းသို့ သေနတ်သမားခြောက်ဦး ဝင်ရောက်လာပြီး ဆိုင်ပိုင်ရှင်များကို ပစ်သတ်ခဲ့သည်။ ထို့နောက် ရွှေငွေရတနာပစ္စည်းအမြောက်အမြားကိုယူ၍ ထွက်ပြေးသွားခဲ့ကြသည်ဟု ရဲတပ်ဖွဲ့နှင့် ဆေးရုံဝန်ထမ်းများက ပြောသည်။

ဓားပြများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သော ဆိုင်ပိုင်ရှင်တစ်ဦး၏ ဖခင်နှင့် ဈေးဝယ်သူတစ်ဦး ဒဏ်ရာများရခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရဲတပ်ဖွဲ့က ယင်းနယ်မြေကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်။ သို့သော် ၎င်းဓားပြများသည် အသင့်စောင့်ဆိုင်းနေသော ကားဖြင့် ထွက်ပြေးလွတ်မြောက်သွားကြသည်ဟုဆိုသည်။

ယင်းဓားပြမှုနှင့် ပတ်သက်၍ မည်သူ့တွင် တာဝန်ရှိကြောင်း ကြေညာခြင်း မပြုသေးပေ။ သေနတ်သမားများသည် ပတ်ဝန်းကျင်မှ အာရုံမစိုက်မိစေရန်အတွက် အသံတိတ်ကိရိယာတပ်ထားသော ပစ္စတိုများကို အသုံးပြု၍ ဓားပြမှုကို ပိပိရိရိ ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဘာဆရာပြည်နယ် လုံခြုံရေးကော်မတီ အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်သံတမန် သေဆုံးမှုနှင့် ပတ်သက်သော ဆူဒန်အစွန်းရောက်လေးဦး အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ဟုဆို

ခါတွမ် ဇွန် ၁၁

၂၀၀၈ခုနှစ်အတွင်းက အမေရိကန်သံတမန်တစ်ဦးကို သတ်မှုဖြင့် သေဒဏ်ချမှတ်ခြင်းခံခဲ့ရသော ဆူဒန် အစ္စလာမ္မစ်အစွန်းရောက် လေးဦးသည် အကျဉ်းထောင်မှ ကြာသပတေးနေ့တွင် ပြန်လည်လွတ်မြောက်လာကြောင်းသတင်းများတွင်ဖော်ပြသည်။

ယင်းဆူဒန် အစ္စလာမ္မစ် အစွန်းရောက်လေးဦးကို ခါတွမ်မြို့တော်မြောက်ပိုင်းရှိကိုဘာ အကျဉ်းထောင်တွင် ထိန်းသိမ်းထားရာမှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

အဆိုပါသတင်းကို ဖတ်ရှုသုံးသပ်နေဆဲဖြစ်ကြောင်း ဆူဒန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁ရက်က အမေရိကန် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအေဂျင်စီ (ယူအက်စ်အေအိုင်ဒီ)၌ တာဝန်ထမ်းဆောင်နေသူ အမေရိကန်နိုင်ငံသား ဂျွန်ဂရန်ဗေးလ်နှင့် ယာဉ်မောင်းတို့သည် ၎င်းတို့၏ကားအတွင်း၌ ပစ်သတ်ခံခဲ့ရသည်။

ဆူဒန်အာဏာပိုင်များက အမေရိကန်သံတမန်သေဆုံးမှုနှင့် ပတ်သက်၍ သံသယရှိသူငါးဦးကို ဖမ်းဆီးခဲ့ပြီးလေးဦးကို သေဒဏ်ပေးခဲ့သည်။ ဆူဒန်တွင် ကျင့်သုံးသော အစ္စလာမ္မစ် တရားဥပဒေအရ သေဆုံးသူတို့၏ ကျန်ရစ်သူမိသားစုများက တရားခံများ ကို ကျေအေးခွင့်လွှတ်ပါက သေမိန့်ပျက်ပြယ်သည်။ သို့ရာတွင်သေဒဏ်ကို အစားထိုးကျခံရန်အတွက် တစ်သက်တစ်ကျွန်းပြစ် ဒဏ်ကို ဆူဒန်တွင် ကျင့်သုံးမှုမရှိပေ။ ***အင်တာနက်။***

ကမ္ဘာ့ဖလားပြိုင်ပွဲမစမီ သတင်းထောက်များ ဓားပြတိုက်ခံရ

ဂျိုဟန်နက်စဘတ် ဇွန် ၁၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မစတင်မီ သတင်းအဖွဲ့နှစ်ဖွဲ့ ဓားပြတိုက်ခံရပြီးနောက် ဒုစရိုက်သမားများ၏ အန္တရာယ်အား သတိထားကြပါရန် တောင်အာဖရိက အစိုးရက လာရောက်ကြည့်ရှုကြသော ဘောလုံးပရိသတ်များကို ကြာသပတေးနေ့တွင် သတိပေးလိုက်သည်။

နိုင်ငံသားများနှင့် နိုင်ငံတကာဘောလုံးပရိသတ်များသည် ကိုယ့်ကိုယ်ကိုယ်နှင့် တကွ အခြားသူများ၏ လုံခြုံရေးကိုပါ ဝိုင်းဝန်းဂရုစိုက် စောင့်ကြည့်ကြပါရန် မေတ္တာရပ်ခံထားကြောင်း တောင်အာဖရိကအစိုးရ၏ ကြေညာချက်တစ်စောင်တွင် ဖော်ပြထားသည်။

ပေါ်တူဂီနိုင်ငံမှ သတင်းထောက်သုံးဦး ဗုဒ္ဓဟူးနေ့က ဓားပြတိုက်ခံခဲ့ရခြင်းနှင့် ဆက်စပ်နေသူ သုံးဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

ချိုးဖျက်ဝင်ရောက်

ဂျိုဟန်နက်စဘတ်မြို့ပြင်ရှိ သတင်းသမားများ တည်းခိုရာဟိုတယ်ခန်းများကို ချိုးဖျက်ဝင်ရောက်ပြီး နိုင်ငံကူးလက်မှတ်များ၊ ငွေများနှင့် ကင်မရာများကို ယူသွားခဲ့ကြသည်။

တရုတ်နိုင်ငံမှ သတင်းထောက်များသည်လည်း ဂျိုဟန်နက်စဘတ်သို့ အသွား လမ်းဘေး၌ ကားခေတ္တရပ်နားစဉ် သေနတ်ပြ၍ ဓားပြအတိုက်ခံရကြောင်း တရုတ်မီဒီယာများက ကြာသပတေးနေ့တွင် ဖော်ပြသည်။ ဓားပြများက ငွေအနည်းငယ်နှင့် ကင်မရာတစ်လုံးကို ယူသွားကြသည်ဟု ဆိုသည်။

တောင်အာဖရိကနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာဇဝတ်မှုဖြစ်ပွားမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်၍ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဦးစီးဦးဆောင် ပြုနေသူများအတွက် လုံခြုံရေးပြဿနာသည် အထူးဂရုပြု ကိုင်တွယ်ရမည့် ပြဿနာဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသမှ ပျက်စီးသွားသော လူနေအိမ် တစ်လုံးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်တစ်ဝန်း အကြမ်းဖက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားများသေဆုံး

ကဘူး ဇွန် ၁၁

အာဖဂန်အမျိုးသမီးတို့၏ ရိုးရာဝတ်စုံကို ဝတ်ဆင်ရုပ်ဖျက်ထားသော အသေခံဗုံးခွဲသမားတစ်ဦး၏ တိုက်ခိုက်မှု အပါအဝင် အာဖဂန်နစ္စတန်တောင်ပိုင်း၌ သောကြာနေ့ကဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အမေရိကန် တပ်ဖွဲ့ဝင် နှစ်ဦး အပါအဝင် အနည်းဆုံး အရပ်သား ၁၁ ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရှောင်တိမ်း

ကန်ဒါဟာပြည်နယ်၌ မော်တော်ယာဉ်တစ်စီး မိုင်းဗုံးအပေါ် ဖြတ်နင်းမိသောကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ အမျိုးသမီး လေးဦးနှင့် ကလေးသုံးဦး အပါအဝင် အရပ်သား ကိုးဦး သေဆုံး၍ ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ယာဉ်မောင်းသည် ပျက်စီးနေသောလမ်းပိုင်းကို ရှောင်တိမ်းမောင်းနှင်ရာမှ မိုင်းဗုံးကို နင်းမိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အလားတူ ဇာဘူးပြည်နယ်၌ အသေခံဗုံးခွဲသမားတစ်ဦးက ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားသောနေရာတွင် ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ရာ အရပ်သား နှစ်ဦး သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ထုတ်ပြန်ခြင်းမရှိ

သောကြာနေ့ကပင် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးခဲ့သည်။ သို့ရာတွင် ပေါက်ကွဲမှုဖြစ်ပွားရာနေရာနှင့် အသေးစိတ်အကြောင်းရင်းကိုမူ ထုတ်ပြန်ခြင်းမရှိပေ။

နေတိုးတပ်ဖွဲ့များက ကန်ဒါဟာပြည်နယ်၌ ထိုးစစ်တစ်ရပ်ဆင်နွှဲရန် ပြင်ဆင်နေချိန်တွင် တာလီဘန် သောင်းကျန်းသူများက ယင်းထိုးစစ်၏ အကြိုကာလတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

အင်တာနက်။

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်၍ ၁၀ ဦး သေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၁၁

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ဒေသတွင် သောကြာနေ့က လူနေအိမ်တစ်လုံးကို အမေရိကန် မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးသွားကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ ဒက်တာခီးလ်ဒေသအနီးမှ အိမ်တစ်လုံးကို မောင်းသူမဲ့လေယာဉ်က ဒုံးကျည် နှစ်စင်းဖြင့် ပစ်ခတ်ရာ လူလေးဦး သေဆုံးသွားကြောင်း၊ လူအချို့ဒဏ်ရာပြင်းထန်စွာ ရရှိပြီးနောက် ခြောက်ဦး ထပ်မံသေဆုံးသွားကြောင်း ပုဂ္ဂလိကရုပ်မြင်သံကြား ဌာနတစ်ခုကထုတ်လွှင့်သည်။

ဒုတိယအကြိမ်မြောက်

ဤတိုက်ခိုက်မှုသည် မြောက်ဝါဇီရစ္စတန်ဒေသရှိ တာလီဘန်များ အခိုင်အမာတပ်စွဲထားသည့် နေရာကို နှစ်ရက်အတွင်း ဒုတိယအကြိမ် မြောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် အရည်ပျော်လျက်ရှိသော ဟိမဝန္တာတောင်တန်းဒေသမှ ရေခဲမြစ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မေလအတွင်း စူးအက်တူးမြောင်း၏ဝင်ငွေ ယမန်နှစ်ကထက် ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့

ကိုင်ရို ဇွန် ၁၁

စူးအက်တူးမြောင်းမှ အခွန်ကောက်ခံရရှိမှုသည် ယခုနှစ်မေလတွင် အမေရိကန်ဒေါ်လာ ၃၉၅ သန်းအထိ ရောက်ရှိခဲ့ရာ လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၅ရာခိုင်နှုန်း တိုးမြင့်လာကြောင်း စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ၏အဆိုအရ ၂၀၀၉ ခုနှစ် နိုဝင်ဘာလက ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် ရေကြောင်းသွားလာရေးလုပ်ငန်းများ ကျဆင်းခဲ့ချိန်နောက်ပိုင်း စူးအက်တူးမြောင်းမှ ရရှိခဲ့သော အမြင့်ဆုံးဝင်ငွေဖြစ်ကြောင်း သိရသည်။

စူးအက်တူးမြောင်းသည် အီဂျစ်နိုင်ငံအတွက် နိုင်ငံခြားငွေ အများဆုံးရှာဖွေပေးနိုင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၁၈၆၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော စူးအက်တူးမြောင်းသည် မြေထဲပင်လယ်နှင့် ပင်လယ်နီကို ဆက်သွယ်ထားသော ပင်လယ်ရေမျက်နှာပြင်နှင့် ရေပြင်ညီအတိုင်းရှိသည့် တူးမြောင်းဖြစ်သည်။ စူးအက်တူးမြောင်းကို ဖြတ်သန်းသွားလာခြင်းဖြင့် အာဖရိကတိုက်ကို ပတ်ရန်မလိုတော့ဘဲ ဥရောပနှင့် အာရှတိုက်များအကြား ရေကြောင်းကုန်သွယ်မှု ပြုလုပ်နိုင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အိန္ဒိယနှင့်ပြဟ္မပုတ္တရ မြစ်ဝှမ်းဒေသများ၏ စားနပ်ရိက္ခာလုံခြုံမှု ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုက ခြိမ်းခြောက်လျက်ရှိ

နယူးဒေလီ ဇွန် ၁၁

ဟိမဝန္တာတောင်တန်းပေါ်မှ ရေခဲပြင်များ အရည်ပျော်လာမှုသည် ဒေသတွင်းရှိ အဓိက မြစ်ဝှမ်းဒေသ ငါးခုကို အကျိုးသက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်အဖြစ် ဟိမဝန္တာရေခဲပြင်များမှ အရည်ပျော်လာသောရေများ စီးဆင်းရာလမ်းကြောင်း ပြောင်းလဲလာမှုသည် ဒေသအချို့၏ စားနပ်ရိက္ခာ လုံခြုံမှုအခြေအနေကို ဆိုးရွားစွာ ထိခိုက်လာဖွယ်ရှိကြောင်း လေ့လာချက်အရ သိရသည်။

သို့ရာတွင် အချို့ဒေသများ၌မူ စားနပ်ရိက္ခာထုတ်လုပ်မှု ပိုမိုတိုးမြင့်လာဖွယ်ရာရှိကြောင်း လေ့လာချက်ကိုပြုစုခဲ့သည့် ကျွမ်းကျင်သူများက သုံးသပ်သည်။

အိန္ဒုမြစ်၊ ဂင်္ဂါမြစ်၊ ပြဟ္မပုတ္တရမြစ်၊ ယန်စီမြစ်နှင့် မြစ်ဝါမြစ်များမှ ရေအရင်းအမြစ်ကို မှီခို နေကြရသော လူဦးရေသည် ၁ ဒသမ ၄ ဘီလီယံကျော် ရှိသည်။ ဟိမဝန္တာတောင်တန်း ရေခဲပြင်များမှ အရည်ပျော်ကျလာသော ရေများသည် အိန္ဒုမြစ်ဝှမ်းဒေသနှင့် ပြဟ္မပုတ္တရမြစ်ဝှမ်းဒေသများအတွက် လွန်စွာအရေးကြီးပြီး ဂင်္ဂါ၊ ယန်စီနှင့် မြစ်ဝါမြစ်များအတွက်မူ အသင့်အတင့်သာ အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

ပြဟ္မပုတ္တရနှင့် အိန္ဒုမြစ်ဝှမ်းဒေသများ၏ ရေခဲပြင် အရည်ပျော်ဆင်းလာသော ရေများရရှိနိုင်မှု အခွင့်အလမ်းမှာ ယခုအခါ များစွာလျော့နည်းနေပြီဖြစ်ရာ ယင်းဒေသ၌ မှီတင်းနေထိုင်သော လူဦးရေ သန်းခြောက်ဆယ်အတွက် စားနပ်ရိက္ခာ လုံခြုံမှုကို ခြိမ်းခြောက်နေပြီဖြစ်ကြောင်းသိရသည်။

အင်တာနက်။

စူးအက်တူးမြောင်းအတွင်း ခုတ်မောင်းနေသော ကုန်တင်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖမ်းဆီးထားသော ရုရှားသင်္ဘောသားနှစ်ဦးအတွက် ပြန်ပေးရွေးငွေ နိုင်ဂျီးရီးယားစစ်သွေးကြွများ တောင်းဆို

ပို့တ်ဟာကုတ်(နိုင်ဂျီးရီးယား) ဇွန် ၁၁

လွန်ခဲ့သောလက ကင်မရွန်းနိုင်ငံဆိပ်ကမ်းတစ်ခုတွင် ဆိုက်ကပ်ထားသော သင်္ဘောတစ်စင်းပေါ်မှ ရုရှားသင်္ဘောသားနှစ်ဦးကို နိုင်ဂျီးရီးယား စစ်သွေးကြွ အုပ်စုတစ်စုက ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

ယခုအခါ ၎င်းသင်္ဘောသားနှစ်ဦး ပြန်လည်လွတ်မြောက်ရေးအတွက် ပြန်ပေးရွေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းပေးရန် နိုင်ဂျီးရီးယား စစ်သွေးကြွအုပ်စုက တောင်းဆိုကြောင်း သောကြာနေ့သတင်းတွင် ဖော်ပြသည်။

ရုရှားနှင့် ယူကရိန်း သင်္ဘောသားများ လိုက်ပါလာသော နော့သ်စပီးရစ်အမည်ရှိ သင်္ဘောသည် ဂရိနိုင်ငံပိုင် ဖြစ်ကြောင်း၊ မေလ ၁၆ ရက်က ကင်မရွန်းနိုင်ငံ၏ အကြီးဆုံး ဆိပ်ကမ်းဖြစ်သော ဒိုယာလာတွင် ကျောက်ချရပ်နားထားစဉ် ရုရှားသင်္ဘောသားနှစ်ဦး ဖမ်းဆီးခြင်းခံခဲ့ရကြောင်း သတင်း၌ ဖော်ပြထားသည်။

ဖမ်းဆီးခံထားရသူနှစ်ဦးမှာ ရုရှားလူမျိုး ရေယာဉ်မှူး ဘောရစ်တာဆင့်ဆက်ဗ်နှင့် အင်ဂျင်နီယာချုပ် အိုင်ဂေါ်ရှုမစ်ခ်တို့ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးအား သန့်ရှင်းသော သောက်သုံးရေပင်မရရှိသော လမုတောအုပ်အတွင်း ဖမ်းဆီးထားကြောင်း လုံခြုံရေးတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

နိုင်ဂျီးရီးယား စစ်သွေးကြွများသည် နိုင်ဂျီးရီးယားတောင်ပိုင်းရှိ ရေနံစက်မှုလုပ်ငန်းများကို တိုက်ခိုက်မှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကို မူးယစ်ဆေးစွဲသူများ ပြုပြင်ရေးဂေဟာ သေနတ်သမားများပစ်ခတ်

ဆီယူဒက် ဂျူအာရက်ဇ် ဇွန် ၁၁

မက္ကဆီကိုနိုင်ငံနယ်စပ် ချီဟွာဟွာမြို့ရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ပြုပြင်ရေးဌာနတစ်ခုကို အနည်းဆုံး သေနတ်သမား ၃၀ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ဝင်ရောက်ပစ်ခတ်ခဲ့ရာ ၁၉ ဦး သေဆုံး၍ အများအပြားဒဏ်ရာရရှိခဲ့ကြောင်း သောကြာနေ့သတင်းများတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်သည် ချီဟွာဟွာမြို့ သစ္စာနှင့် ဘဝလူမှုရေးဂေဟာအမည်ရှိ မူးယစ်ဆေးစွဲသူများပြုပြင်ရေး စခန်း၌ ကြာသပတေးနေ့ကဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ချီဟွာဟွာမြို့သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် နယ်မြေချင်းထိစပ်တည်ရှိသောမြို့ဖြစ်သည်။ သေဆုံးခဲ့ရသူများသည် အသက် ၃၀ နှင့် ၄၀ အကြားအရွယ်များဖြစ်ပြီး မျက်မမြင်တစ်ဦးလည်းပါရှိကြောင်း သတင်းတွင်ဖော်ပြသည်။

မက္ကဆီကိုရဲတပ်ဖွဲ့၏အဆိုအရ နိုင်ငံတွင်းရှိ အဓိကမူးယစ်ဂိုဏ်းခြောက်ဂိုဏ်းသည် မူးယစ်ဆေးစွဲသူများ ပြုပြင်ရေးဂေဟာများသို့ ထိုးဖောက်ဝင်ရောက်ကာ တရားမဝင်မူးယစ်ဆေးဝါးသယ်ဆောင်ရန် လူစုဆောင်းမှုများ ပြုလုပ်နေကြောင်း၊ ၎င်းတို့အလိုအတိုင်း မလိုက်နာသူများ၏အသက်အန္တရာယ်ကိုလည်း ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။ ***အင်တာနက်။***

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်စိုက်ပျိုးမှု ဝန်ကြီး ဦးလှထွန်း လိုက်လံကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနရုံး အဆောက်အအုံ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်ပြီး စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများသည် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအဆောက်အအုံအသစ်၌ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

အလားတူ မြန်မာ့စီးပွားရေးဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများသည် စားပင်၊ သီးပင်၊ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးခဲ့ကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးသည့် သစ်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သရက်၊ စိန်ပန်း၊ ငုရွှေဝါ၊ ကံ့ကော်၊ ခရေနှင့် သပြေ စုစုပေါင်း အပင်၂၅၀၀ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ၂၀၁၀ ခုနှစ် ပထမ အကြိမ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲ တွင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ "ကြိုဆိုလျက်ပါ"
- ၈း၃၀ ၉။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၈း၅၀ ၁၂။ "ရာဇဝင်တံတား(အမှတ်-၁)"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂း၂၀ ၅။ Yan Can Cook
- ၁၂း၄၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၁၅)**
- ၁း၂၀ ၇။ "ကမ္ဘာကြီးပူနွေးလာမှုနှင့်ရာသီဥတုပြောင်းလဲမှု"
- ၁း၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁း၄၀ ၉။ "လောကနီတိ" (လှပခြင်း၏အဓိပ္ပာယ်) (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ-ဦးခင်ဇော်)
- ၂း၂၀ ၁၀။ တေးဂီတအစီအစဉ်
- ၂း၃၀ ၁၁။ Foot Ball Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြို သုံးသပ်ချက်)
- ၂း၅၀ ၁၂။ International News
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရတနာပုံ F.Cနှင့် Delta United F.C)
- ၅း၄၅ ၂။ **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တောင်ကိုရီးယားအသင်းနှင့် ဂရိအသင်း)**
- ၈း၀၀ ၃။ ပြည်တွင်းသတင်း
- ၄။ နိုင်ငံတကာသတင်းများ
- ၅။ မိုးလေဝသအခြေအနေ
- ၆။ ပြည်ထောင်စုခရီးရှည် (ရာဇဝင်းတင့်၊ သက်မှူးဟေသီ တေးရေး-မောင်မောင်ဇော်ဝင်း)
- ၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၃၂)**
- ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အရွယ်လွန်ချစ်အိပ်မက်" (အပိုင်း-၁၅)**
- ၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၀။ အစီအစဉ်ပြီး၏။

သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ပညာ့ဗိမာန် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက စာကြည့်တိုက်တည်ရှိရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပညာ့ဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကံစောလှိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ၇/အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အင်တာနက် နက္ခတ္တသိပ္ပံသတင်း

ဘာသာပြန်-တက်လူ

ဂျပန်မောင်းသူမဲ့ အာကာသယာဉ် ဂြိုဟ်ငယ်တစ်လုံးကို လေ့လာခဲ့

ကင်ဘာရာ ဇွန် ၁၁

ဂျပန်နိုင်ငံက လွှတ်တင်ခဲ့သော မောင်းသူမဲ့ အာကာသယာဉ်တစ်စင်းသည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်ငယ်တစ်လုံးကို စူးစမ်းလေ့လာခဲ့ပြီးနောက် ဇွန် ၁၃ ရက် ညတွင် ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ ဆင်းသက်ရန် စီစဉ်ထားကြောင်း၊ ယင်းအာကာသယာဉ်ကို အနီးကပ် စောင့်ကြည့်လေ့လာနိုင်ရန် အမေရိကန် အာကာသအေဂျင်စီ (နာဆာ)က နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့ကို သုတေသန ဂျက်လေယာဉ်တစ်စင်းဖြင့် ဩစတြေးလျနိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း ဂျပန်တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

နိုင်ငံတကာ နက္ခတ္တဗေဒသိပ္ပံပညာရှင်များသည် ဩစတြေးလျနိုင်ငံဝေဟင်အတွင်း မီတာ ၁၂၀၀၀ အမြင့်မှနေ၍ ဂျပန်အာကာသ စူးစမ်းရေးယာဉ် လေထုလွှာအတွင်း ဝင်ရောက်လာမှုကို လေ့လာမှတ်တမ်းတင်မည်ဖြစ်သည်။

ဂျပန်အာကာသယာဉ်သည် ဇွန် ၉ ရက်က ကမ္ဘာသို့ စတင်ချဉ်းကပ်လာခဲ့သည်။ နာဆာက စေလွှတ်လိုက်သော ဒေါက်ဂလပ် ဒီစီ-၈ အမျိုးအစား လေယာဉ်ပေါ်တွင် သုတေသနစခန်း ဖွင့်လှစ်ထားပြီး လေယာဉ်ပေါ်ရှိ သိပ္ပံပညာရှင် ၃၀ က ဂျပန်အာကာသယာဉ်ကို စိတ်လှုပ်ရှားစွာ စောင့်ကြည့်လျက်ရှိသည်။

ဂျပန်လေကြောင်းအာကာသ စူးစမ်းလေ့လာရေးအေဂျင်စီက တည်ဆောက်ခဲ့သော Hayabusa အမည်ရှိ အာကာသယာဉ်သည် နေစကြဝဠာအတွင်းရှိ ဂြိုဟ်ငယ်တစ်လုံးကို လေ့လာနိုင်ရန် ခုနစ်နှစ်ကြာမျှ အာကာသအတွင်းရှိနေခဲ့သည်။ ဂြိုဟ်ငယ်လေ့လာရေး ခရီးစဉ်အတွင်း ကီလိုမီတာ ငါးဘီလီယံအထိ ခရီးနှင်ခဲ့သည်။

ဂျပန်အာကာသယာဉ်က စူးစမ်းလေ့လာခဲ့သော ဂြိုဟ်ငယ် (asteroid) ကို Itokawa ဟု အမည်ပေးထားပြီး အာလူးပုံသဏ္ဌာန်ရှိသည်ဆို၏။

Hayabusa အာကာသယာဉ်ကို ၂၀၀၃ ခုနှစ် မေ ၉ရက်တွင် လွှတ်တင်ခဲ့ပြီး Itokawa ဂြိုဟ်ငယ် တည်ရှိရာသို့ ဦးတည်ပျံသန်းခဲ့သည်။

ဂျပန်အာကာသမစ်ရှင်၏ ရည်ရွယ်ချက်မှာ အဆိုပါဂြိုဟ်ငယ်၏ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ ဓာတုဗေဒဖွဲ့စည်းပုံစသည်တို့ကို လေ့လာရန်နှင့် ဂြိုဟ်ငယ်၏ ဖုန်မှုန့်(မြေမှုန့်) နမူနာရယူရန် ဖြစ်သည်။

Itokawa ဂြိုဟ်ငယ်၏ ဖုန်မှုန့်နမူနာပါရှိသော ထိပ်ဖူး (capsule) တစ်လုံးသည် တစ်စက္ကန့်လျှင် ၁ ဒသမ ၉၃ကီလိုမီတာနှုန်းဖြင့် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဝင်ရောက်လာမည်ဖြစ်ပြီး ကမ္ဘာမြေပြင်အထက် ၁၀ ကီလိုမီတာအရောက်တွင် ၁၈ကီလိုရှိ အဆိုပါ ထိပ်ဖူးကို လေထီးဖြင့် ကျဆင်းစေမည်ဖြစ်ကာ ရဟတ်ယာဉ်ဖြင့် ရယူရန်စီစဉ်ထားသည်။

နေကိုလှည့်ပတ်နေသော ဂြိုဟ်ငယ်တစ်လုံးမှ ဖုန်မှုန့်(မြေမှုန့်) နမူနာ ရယူခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ သိပ္ပံပညာရှင်များသည် အာကာသဖုန်မှုန့် (မြေမှုန့်)ကို ဆက်လက်လေ့လာသွားမည်ဖြစ်ပြီး နေစကြဝဠာ၏ တရွေ့ရွေ့ ပြောင်းလဲမှုဖြစ်စဉ်ကို စူးစမ်းသွားမည်ဖြစ်သည်။ ***အင်တာနက်။***



ဂျပန်နိုင်ငံက လွှတ်တင်ခဲ့သော အာကာသယာဉ် Itokawa အမည်ရှိ ဂြိုဟ်ငယ်ပေါ်သို့ ဆင်းသက်ပုံကို ပန်းချီဆရာက သရုပ်ဖော်ရေးဆွဲထားသည်မှာ။
(ဓာတ်ပုံ-အင်တာနက်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နမ္မတူမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ ဒသမ ၃၂ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၂၈လက်မ၊ လားရှိုးမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ထားဝယ်မြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၁၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇွန်လတတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၂၉ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၈၄ ဒီဂရီဖာရင်ဟိုက်		၁၀-၆-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၁၁-၆-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း		၁၁-၆-၂၀၁၀
နေပူသည့်နာရီပေါင်း	မရှိပါ	၁၀-၆-၂၀၁၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရန်ကုန်တိုင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရန်ကုန်တိုင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကိုကိုက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် ရန်ကုန်မြောက်ပိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်တို့က ခရိုင်အလိုက် ကော်မရှင်အဖွဲ့ခွဲများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များသည် တိုင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များလိုက်ပါလျက် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်ရှိ ကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံသရုပ်ပြသမှုနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန၌ လူဦးရေစာရင်းနှင့် မဲစာရင်းများ ကွန်ပျူတာရိုက်နှိပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရန်ကုန်တိုင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျိုက်ထိုမြို့နယ်တွင် ငါးသယံဇာတ ထိန်းသိမ်းရေးပညာပေး

ကျိုက်ထို ဇွန် ၁၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၏ ညွှန်ကြားချက်အရ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇွန် ၇ ရက်တွင် မုပ္ပလင်စံပြကျေးရွာ၌ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစံအောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှိုင်ဝဏ္ဏ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဝင်းနှင့်ဝန်ထမ်းများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များသည် မုပ္ပလင်ကျေးရွာ စစ်တောင်းမြစ်ကမ်းဘေးရှိ ရေလုပ်သားများထံသို့ သွားရောက်၍ ငါးမဖမ်းရရာသီချိန်တွင် ငါးမဖမ်းဆီးရေး၊ တားမြစ်ထားသောငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြင့် ငါးမဖမ်းဆီးရေး၊ ငါးသယံဇာတထိန်းသိမ်းရေးတို့ကို ကွင်းဆင်းဟောပြောသည်။

ပညာပေးဟောပြော

အလားတူ ဇွန် ၄ ရက်က သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအား ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမြွှာစုံထောက်(အပိုင်း-၁၁)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်လူမိုက် (လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွဋ်)**
၁း၃၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြင်နာသူရဲ့ချစ်ရိပ်(အပိုင်း-၄၂)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြတ်နိုးကြစေအမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူ့ရဲကောင်း (အပိုင်း-၁၉)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	အင်္ဂလိပ်စာသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) -အာဂျင်တီးနားနှင့် နိုင်ဂျီးရီးယား**
	၂၃။	**နှစ်ခေတ်ပြိုင်ချစ်သူ (အပိုင်း-၃၄)(ဇာတ်သိမ်း)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

၁၃-၆-၂၀၁၀ရက်နေ့ (တနင်္ဂနွေနေ့)

၁။	၀း၀၀	၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ (Live) -အင်္ဂလန်နှင့် အမေရိကန်

ချမ်းအေးသာစံမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

မန္တလေး ဇွန် ၁၁

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ အခမ်းအနားသို့ ပညာရေးစေတနာရှင် ကျောင်းသားဟောင်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းအမှုဆောင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းအုပ်ကြီး ဒေါက်တာခင်သီတာက အဖွင့်အမှာစကားပြောကြားကာ စေတနာရှင်များက မူလတန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် စာအုပ်၊ စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ကြောင်းသိရှိရသည်။ (ကြေးမုံ)

မြို့နယ်သတင်းများ

လှူဒါန်း

ဇွန် ၇ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းနေ ဦးဝင်း-ဒေါ်သိန်း (ဝင်းမေတ္တာပွဲရုံ)မိသားစုက ကြည့်မြင်တိုင်မြို့နယ် ပန်းတည်းတန်းအသင်း အသင်းသားများ တူညီဝတ်စုံဝတ်ဆင်နိုင်ရန်အတွက် ကျပ် ၂၅၀၀၀၀ တန်ဖိုးရှိရှပ်အင်္ကျီအထည် ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အသင်း နာယက ဦးတင်ရွှေ၊ အတွင်းရေးမှူး ဦးစိန်လှိုင်တို့ လက်ခံယူစဉ်။

(၅၄၆)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် တောင်ကုတ်၌ ကျင်းပ

တောင်ကုတ် ဇွန် ၁၁

တောင်ကုတ်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင် တောင်ကုတ်မြို့အဝင် ကျောက်ဖြူ - ရန်ကုန်ကားလမ်းဘေး၌ ကျင်းပသည်။

စိုက်ပျိုးခဲ့

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညိုစောနှင့် အရာရှိကြီးများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီး ဌာနဦးစီးအရာရှိ ဦးအောင်မြင့်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကျွန်းအပင် ၇၀၀၊ ယူကလစ်ပင် ၃၀၀ စုစုပေါင်း အပင် ၁၀၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

တောင်ကုတ်မြို့ သစ်တောဦးစီးဌာနက ကြီးမှူး၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲတော်ကို တောင်ကုတ် မြို့ အဝင် ကျောက်ဖြူ-ရန်ကုန် ကား လမ်း ဘေး ၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၃၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၁

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၃၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် သိပ္ပံစိုးမြင့်နိုင်၊ သူရဇော်၊ နှောင်၊ ပျဉ်းမနားမြင့်လှိုင်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ကဗျာများ၊ မောင်ပညာကျော်၊ စိုးထက်ကျော်၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ မောင်ကျော်ဟိုး(မဟာဝိဇ္ဇာ)၊ ကျော်ဇင်(စာနယ်ဇင်း)၊ တက္ကသိုလ်တင်ခ၊ တက္ကသိုလ်မြတ်သူ၊ စောမုံညင်း၊ လှထွန်း(တွံတေး)၊ ဒေါက်တာလှမောင်(စီးပွားရေး)၊ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)၊ မျိုးမြင့်ဆွေ(မျက်မှန်)၊ အောင်ချိန်ဘွား၊ ကံမြင့်၊ ပြည့်စုံ(သွေးသောက်)၊ မောင်သမ္မာဒိဋ္ဌိတို့၏ သုတဆောင်းပါးကဏ္ဍ၊ ညွန့်ဟံ(ကြူတော)၊ ဆင်ဖြူကျွန်းမြင့်သိန်းတို့၏ လူငယ်ကဏ္ဍ၊ စန်းနီလာဝင်း၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတို ကဏ္ဍ၊ လေးဝတီကျော်၏နိုင်ငံတကာသုတရေးရာကဏ္ဍ၊ ပုဂံမွေးကြည်၊ မင်းသစ်ဦး၊ ထားမြတ်မာ(မြန်မာစာ)၊ မောင်မောင်အုန်း(လယ်ဝေး)၊ အောင်ရန်နိုင် (B.Sc.)၊ ဗိုလ်လောင်းလွင်ဘိုဘိုအောင်၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်မောင်မိုးအောင်၊ မောင်သာအေး၊ ရွှေဘိုမောင်ရွှေတို့၏ ရသဝတ္ထုတိုကဏ္ဍ၊ သိပ္ပံမောင်ဝ မြန်မာ့ဂန္ထဝင်ဝတ္ထုတိုကဏ္ဍ၊ နန္ဒမိုးကြယ်၏ ဗုဒ္ဓဝင်ဝတ္ထုတိုကဏ္ဍ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)တို့၏ ကာတွန်းသရုပ်ဖော်ကဏ္ဍ၊ မောင်မောင်စန်း(ရန်ကုန်တက္ကသိုလ်)၊ လေလှိုင်း၊ တက္ကသိုလ်လှကြွယ်တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ မောင်မိဒီယာ၊ ကိုရွှေတောသားတို့၏ ဟာသကဏ္ဍ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ မောင်မောင်စန်းလွင်တို့၏ကာတွန်းကဏ္ဍတို့ စုံလင်စွာဖော်ပြပါရှိသည်။ စာမူများ၊ ကြော်ငြာများထည့်သွင်းလိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအပေါ် နျူကလီးယားနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို အချိန်ကိုက် လုပ်ကြံဖန်တီးခဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကြိုးပမ်းနေချိန် နိုင်ငံရေးအရ သိက္ခာကျစေရန် ထိုးနှက်လုပ်ဆောင်ခြင်းလည်းဖြစ်

◆ **ရှေ့ဖုံးမှ**

ယုံကြည်စိတ်ချရမှုနှင့် တိကျမှန်ကန်မှု၊ မျှတမှုမရှိသည့် သတင်းများသာ ဖြစ်ပါသည်။ ယင်းသို့ အခြေအမြစ်မရှိသော စွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လုံးဝကွာခြားလွန်းသောကိစ္စဖြစ်၍ တုံ့ပြန်ရှင်းလင်းရန်လိုအပ်ခြင်းမရှိဟု ယူဆခဲ့ပါသည်။

အမေရိကန်အစိုးရမှ မြန်မာနိုင်ငံနှင့်ထိတွေ့ဆက်ဆံမှုများပြုလုပ်ရန် မူဝါဒချမှတ်ခဲ့ပြီးနောက် ယင်းမူဝါဒနှင့် အညီ အမေရိကန်အထက်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်ဘ်နှင့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့ဒ်ကမ်းဘဲလ်တို့သည် မြန်မာနိုင်ငံသို့လာရောက်၍ နှစ်နိုင်ငံအကြား ထိတွေ့ဆွေးနွေးမှုလုပ်ငန်းစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။

ယင်းသို့ အမေရိကန်နှင့်မြန်မာဆက်ဆံရေး ပြန်လည်စတင်နေချိန်တွင် မြန်မာအစိုးရအား ဆန့်ကျင်သူများက သတင်းမီဒီယာများနှင့်ပူးပေါင်း၍ ရည်ရွယ်ချက်ရှိရှိဖြင့် မြန်မာနိုင်ငံအပေါ် နျူကလီးယားနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို အချိန်ကိုက် လုပ်ကြံဖန်တီးခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် မြန်မာအစိုးရအနေဖြင့် ယခုနှစ်အတွင်း အထွေထွေရွေးကောက်ပွဲကျင်းပ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံရေးလုပ်ငန်းစဉ်အပေါ် အဟန့်အတားဖြစ်စေရန်နှင့် နိုင်ငံရေးအရ သိက္ခာကျစေရန် ထိုးနှက်လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။ ယင်းသို့သော စွပ်စွဲချက်များထွက်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံသို့ ဇွန်လဆန်းပိုင်းတွင် လာရောက်ရန်စီစဉ်ထားခဲ့သော အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာဂျင်ဝက်ဘ်သည် ၎င်း၏ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားချက်များ၊ ဆုံးဖြတ်ချက်များကို အစဉ်လေးစားလိုက်နာနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့အပြင် ဂျီနီဗာမြို့ရှိ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့်၏ မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တက်ကြွစွာပါဝင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းစာချုပ်နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(IAEA)၏ စောင့်ကြည့်မှု သဘောတူညီချက်ကိုလည်း ၁၉၉၅ ခုနှစ်တွင် IAEA နှင့် လက်မှတ်ရေးထိုးထားပြီးဖြစ်ပါသည်။ ဒေသတွင်းအဆင့်တွင်လည်း မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းမဲ့ရေးဇုန်စာချုပ်တွင်လည်း ပါဝင်ထားသည့် အာဆီယံအသင်းဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေး၊ ပညာရေး နယ်ပယ်များတွင် ငြိမ်းချမ်းသောရည်ရွယ်ချက်များအတွက် အသုံးပြုရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရုရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ပညာသင်များ စေလွှတ်ခြင်းအပြင် ရုရှားနိုင်ငံနှင့်ပူးပေါင်း၍ ၁၀ မဂ္ဂါဝပ်ရှိသော နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်ရန် သဘောတူညီချက်တစ်ရပ် ရှိခဲ့ဖူးသော်လည်း လုံလောက်သည့် အရင်းအမြစ်များမရှိခြင်း၊ နိုင်ငံတကာမှ နားလည်မှုလွဲမှားမည်စိုးခြင်းတို့ကြောင့် လက်တွေ့လုပ်ဆောင်နိုင်ခြင်း မရှိသေးဘဲ ရပ်ဆိုင်းထားခဲ့ပါသည်။ ယင်းစီမံကိန်းကိုလည်း IAEA ၏ စောင့်ကြည့်မှု အစီအစဉ်အောက်မှနေ၍ ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါသည်။

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် နျူကလီးယားလက်နက် ထုတ်လုပ်ရေးကို ခွဲခြားရှုမြင်ရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတိုင်းသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းစွာ အသုံးပြုနိုင်သည့် အခွင့်အရေးရှိသည့်အချက်ကို မြန်မာနိုင်ငံမှ အစဉ်တစိုက်ထောက်ခံခဲ့ပါသည်။ နျူကလီးယားလက်နက် မပြန့်ပွားရေးကို ထောက်ခံသည့်တစ်ချိန်တည်းမှာပင် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်အား နိုင်ငံရေးအရအသုံးမပြုရေးနှင့် ယင်းစာချုပ်အား အကောင်အထည်ဖော်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခွဲခြားဆက်ဆံမှုမပြုရေးမူများကို ထောက်ခံသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲလျက် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက် အစဉ်တစိုက် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို ထိပါးစေမည့် လုပ်ဆောင်မှုမျိုးကို မည်သည့်အခါမျှ လုပ်ဆောင်မည်မဟုတ်ပါ။

မြန်မာနိုင်ငံအပေါ် နျူကလီးယားနှင့်ပတ်သက်၍ အခြေအမြစ်မရှိသော စွပ်စွဲချက်များကို အခြေပြု၍ ဖိအားပေးမှုများသည်လည်းကောင်း၊ ပြည်တွင်းရေးတွင် စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက် သို့မဟုတ် ပထဝီဒေသဆိုင်ရာ နိုင်ငံရေးမဟာဗျူဟာရည်မှန်းချက်ဖြင့် ဝေဖန်စွပ်စွဲမှုများသည်လည်းကောင်း ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အကျိုးပြုမည် မဟုတ်ပါ။

နျူကလီးယားလက်နက်ထုတ်လုပ်ရန် မြန်မာနိုင်ငံအနေဖြင့် အခြေခံအဆောက်အအုံနှင့် နည်းပညာအရလည်းကောင်း၊ ငွေကြေးအရင်းအမြစ်အရလည်းကောင်း လုံလောက်မှုမရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုသာဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့်အခြေအနေမရှိဟု ကျွမ်းကျင်သူအချို့က သုံးသပ်ကြပါသည်။

ယင်းအကြောင်းရင်းများကြောင့် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများရှိကြောင်း စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်းနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းမှုများ အလျှင်းမရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးကိုသာလိုလားပြီး နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် စစ်အင်အားနိုင်ငံ ဖြစ်လာရန် ရည်ရွယ်ချက်မရှိပါ။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

မြောက်ကိုရီးယားကုန်တင်သင်္ဘောများ မည်သည့်နိုင်ငံသို့ ဦးတည်သွားရောက်သည်ကို မသိသေးမီ လက်နက်များတင်၍ မြန်မာနိုင်ငံသို့ဦးတည်နေကြောင်း တာဝန်မဲ့ ကြိုတင်စွပ်စွဲပြောဆိုမှုများ မပြုလုပ်သင့်

❖ **ကျောဖုံးမှ**

အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်
ဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်ပေါင်း ၂၀ ကျော်ကြာ သံတမန်အဆက်အသွယ် ပြတ်တောက်နေခဲ့ပြီးနောက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးမူဝါဒအရ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး ၂၆-၄-၂၀၀၇ ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ပြန်လည်ထူထောင်ခဲ့ခြင်း ဖြစ်ပါသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးနောက် မြန်မာနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများဖြစ်သည်နှင့်အညီ အခြားကမ္ဘာ့နိုင်ငံများနှင့်နည်းတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေခြင်းဖြစ်ပါသည်။

နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အပြန်အလှန် ကူညီမှုများလည်းရှိခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၁၇-၅-၂၀၀၈ ရက်နေ့တွင် ဆန်တန်ချိန် ၁၅၀၀ အား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသို့ ကူညီပေးပို့ခဲ့ပြီး ဆန်တန်ချိန် ၁၀၀၀၀ ကိုလည်း ရောင်းချခဲ့ရာ အကြိမ်များခွဲ၍ ရေကြောင်းခရီးဖြင့် ပေးပို့ခဲ့ပါသည်။

ထိုကဲ့သို့ နှစ်နိုင်ငံအကျိုးတူကုန်သွယ်ရေး ဖြစ်ထွန်းလျက်ရှိရာတွင် မြောက်ကိုရီးယားသင်္ဘောများ မြန်မာနိုင်ငံဆိပ်ကမ်းသို့ လာရောက်ခဲ့ခြင်းအပေါ်အခြေခံ၍ ၂၀၀၉ ခုနှစ် ဇွန်လအတွင်းတွင် Kang Nam 1 အမည်ရှိ မြောက်ကိုရီးယားသင်္ဘောသည် လက်နက်များတင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်သွားနေသည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့ပါသည်။ ထိုသတင်းများမှာ အခြေအမြစ်မရှိဘဲ ထင်မြင်ယူဆချက်များအပေါ် အခြေခံ၍လည်းကောင်း၊ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလို၍လည်းကောင်း ပေါ်ပေါက်လာသည့်သတင်းများသာ ဖြစ်ခဲ့ပါသည်။

ယခုနှစ် ဧပြီလတွင် မြောက်ကိုရီးယားသင်္ဘော Chong Gen မြန်မာနိုင်ငံဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ပုံမှန်ကုန်ပစ္စည်းများ အတင်အချပြုလုပ်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်(၁၈၇၄)ကို ချိုးဖောက်ခဲ့ကြောင်း၊ ကန့်သတ်ပိတ်ပင်ထားသည့် ပစ္စည်းများ တင်ဆောင်လာခဲ့ကြောင်းဖြင့် စွပ်စွဲပြောဆိုမှုများပေါ်ထွက်ခဲ့ပါသည်။ ဖြစ်ရပ်မှန်မှာ ကန့်သတ်မှုမရှိသည့် ဘိလပ်မြေများတင်သွင်းပြီး ဆန်တန်ချိန်တစ်သောင်း တင်ပို့ရောင်းဝယ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

အမှန်စင်စစ် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံမှ ကုန်တင်သင်္ဘောများ မြောက်ကိုရီးယားဆိပ်ကမ်းများမှ ထွက်ခွာလာသည့်အခါ လမ်းတစ်လျှောက်စစ်ဆေးရန် အခွင့်အရေးများရှိသော်လည်း စစ်ဆေးခဲ့ခြင်းများမရှိဘဲ မည်သည့်နိုင်ငံသို့ ဦးတည်သွားရောက်သည်ကိုပင် မသိရှိရသေးမီ ထိုသင်္ဘောမှာ လက်နက်များတင်ဆောင်၍ မြန်မာနိုင်ငံသို့ ဦးတည်နေကြောင်းဖြင့် တာဝန်မဲ့ ကြိုတင်၍ စွပ်စွဲပြောဆိုမှုများ မပြုလုပ်သင့်ဟု ယူဆပါသည်။

မြန်မာနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံနှင့်မဆို မိတ်ဆွေနိုင်ငံကဲ့သို့ ခင်မင်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည့်နည်းတူ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့်လည်း ကူးသန်းဆက်သွယ်မှုများ ပြုလုပ်လျက်ရှိပါသည်။

အချို့နိုင်ငံများက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်(၁၈၇၄)အရ လိုက်နာဆောင်ရွက်ရေးနှင့် ပတ်သက်၍ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်စည်ရောင်းဝယ်မှုအပေါ် မြန်မာနိုင်ငံအား စွပ်စွဲမှုများပြုလုပ်လေ့ရှိသော်လည်း အခြေအမြစ်မရှိပါ။ မြန်မာဆိပ်ကမ်းသို့ မြောက်ကိုရီးယားသင်္ဘောဆိုက်ကပ်ခဲ့ရာတွင်လည်း သက်ဆိုင်ရာဆိပ်ကမ်းအာဏာပိုင်များမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေး၍ ဆိုက်ကပ်/ထွက်ခွာခွင့်ပြုခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အလျောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်

မြန်မာနိုင်ငံအပေါ် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု ဖန်တီးစွပ်စွဲခဲ့ကြ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးများသည် အဖျက်အမှောင့်သမားများ၏ ငွေကြေးဖြင့် စည်းရုံးသိမ်းသွင်းအသုံးချမှု ခံနေရ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားတစ်ခုတည်းအတွက် လီဆယ်လုပ်ကြံရန် မသင့်ကြောင်း ဝေဖန်ပြောကြားလျက်ရှိ

☆ကျောဖုံးမှ

ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လည်းကောင်း၊ ဇွန် ၆ ရက် နံနက် ၁ နာရီခွဲနှင့် နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ဇွန် ၇ ရက် ည ၈ နာရီခွဲတွင်လည်းကောင်း၊ ဇွန် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ ဇွန် ၁၀ရက် နံနက် ၁နာရီခွဲနှင့် နံနက် ၉ နာရီတွင် လည်းကောင်း အသီးသီး ထုတ်လွှင့်ခဲ့သည်။

ယင်းထုတ်လွှင့်ချက်နှင့်ပတ်သက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါ သတင်းထုတ်ပြန်ချက်၌ ယခုရက်ပိုင်းအတွင်း နိုင်ငံတကာ သတင်းမီဒီယာများတွင် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယား လက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နျူကလီးယားအစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု စွပ်စွဲထုတ်လွှင့်ခဲ့ကြောင်း၊ ယင်းသို့ ဝေဖန်ထုတ်လွှင့် ပြောဆိုချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များ သာဖြစ်ပြီး မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးအရ ထိုးနှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း၊ ထို့အပြင် ယင်းစွပ်စွဲချက်များသည် မြန်မာ နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများက မမှန်မကန် ဖန်တီးထုတ်လွှင့် ချက်များဖြစ်ခြင်း၊ တပ်ပြေးအချို့နှင့် ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ စွပ်စွဲပြောကြားချက် ဇာစ်မြစ်တစ်ခုတည်းအပေါ် အခြေခံထားခြင်းတို့ကြောင့် ယုံကြည်စိတ်ချရမှု၊ တိကျမှန်ကန်မှုနှင့် မျှတမှုမရှိသော သတင်းများသာ ဖြစ်ကြောင်း စသည်ဖြင့်ပါရှိသည်။

မြန်မာနိုင်ငံအပေါ် နျူကလီးယားလက်နက်နှင့်ပတ်သက်ပြီး အယ်လ်ဂျာ ဇီးရား ရုပ်မြင်သံကြားက ထုတ်လွှင့်သွားခဲ့ခြင်းဖြစ်သော်လည်း ယင်းသတင်း များကို ဒီမိုကရက်တစ်မြန်မာ့အသံ (DVB)က ထုတ်လုပ်ပံ့ပိုးပေးခြင်းဖြစ် သည်ဟု အယ်လ်ဂျာဇီးရားသတင်းဌာနက ဖော်ပြခဲ့သည်။ ယင်းဒီမို ကရက်တစ်မြန်မာ့အသံဆိုသည်မှာ နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် အခြေ စိုက်ထားသည့် ပြည်ပအထောက်အပံ့ခံ သတင်းဌာနတစ်ခု ဖြစ်သည်။ အထူးသဖြင့် The National Endowment for Democracy (NED) ဆိုသည့်အဖွဲ့ထံမှ ထောက်ပံ့ငွေများဖြင့် ရပ်တည်ဆောင်ရွက်နေခြင်း ဖြစ်သည်။ NED ကို ၁၉၈၃ခုနှစ်တွင် အမေရိကန်နိုင်ငံက ဖွဲ့စည်းတည် ထောင်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဖွဲ့အတွက် ရန်ပုံငွေကို အမေရိကန်နိုင်ငံ ကွန်ဂရက်က နှစ်စဉ်ငွေကြေး လျာထားသတ်မှတ်ပံ့ပိုးပေးနေခြင်းဖြစ်သည်။ NED သည် ၎င်းရရှိသော ငွေများဖြင့် DVB အား ပံ့ပိုးပေးနေခြင်းဖြစ်ပြီး ၎င်းငွေများဖြင့် DVB က ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့အတူ အမေရိကန်အထက်လွှတ်တော်အမတ် Jim Webb က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ထံ ပေးစာတွင်လည်း "ယင်းစွပ် စွဲချက်ကို အမေရိကန် ငွေကြေးအထောက်အပံ့ခံ DVB သတင်းဌာနမှ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်"ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။ DVB သည် မြန်မာနိုင်ငံအပေါ် နေ့စဉ်နှင့်အမျှ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့် သတင်းများ ထုတ်လွှင့်နေသော သတင်းဌာနဖြစ်သည်။ ခလောက်ဆန်၊ အကောက်ကြံပြီး မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကြား၊ မြန်မာပြည်သူများ၊ တိုင်းရင်းသားများအကြား ရန်တိုက်၊ သွေးထိုးပေးနေသော လူသတ်သမား လေလှိုင်းသံ တစ်ခုဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသော မြန်မာနိုင်ငံအပေါ် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင် နေသည်ဟု ဖန်တီးစွပ်စွဲခဲ့ကြသည့် တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးဆိုသူများ နှင့် ပတ်သက်၍ လေ့လာဖော်ထုတ်ကြည့်ရာ ၎င်းတို့မှာ တပ်ပြေး ဗိုလ်ကြီး စိုင်းသိန်းဝင်း၊ ဝရမ်းပြေး ဗိုလ်မှူးဟောင်းအောင်လင်းထွဋ် တို့ဖြစ်ကြောင်း သိရှိရသည်။

တပ်ပြေး
စိုင်းသိန်းဝင်း

တပ်ပြေး စိုင်းသိန်းဝင်းသည် ကျောက်မဲမြို့နေ(အဖ) ဦးစိုင်းသန်းမြင့်၊ (အမိ) ဒေါ်နန်းမွန်ဆာတို့၏ သားဖြစ်ပြီး ၁၉၉၉ခုနှစ် ဧပြီ ၁၁ ရက်တွင် တပ်မတော် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရသူဖြစ်သည်။ ၂၀၀၂ ခုနှစ် ဧပြီ ၁၁ ရက်တွင် ဗိုလ်ကြီးအဆင့် တိုးမြှင့်ခံရသည်။ ၎င်းသည် ၂၀၀၄ခုနှစ်၌ ရုရှားနိုင်ငံ Bouman Moscow State Technical University မှ M.Sc. (Power Engineering) ဘွဲ့ရရှိခဲ့ပြီး Ph.D သင်တန်းအတွက် အရည်အချင်းစစ်စာမေးပွဲ ကျရှုံးခဲ့သည်။ ၎င်းသည် လက်ရှိ ဗိုလ်ကြီးအဆင့် ရှိသူတစ်ဦးသာဖြစ်သည်။ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်၍ ခွင့်မဲ့ပျက်ကွက်သွားခဲ့ပြီး ယခုအခါ တပ်ပြေးဖြစ်နေသူ ဖြစ်သည်။ တာဝန် ထမ်းဆောင်စဉ် ဗိုလ်ကြီးအဆင့်ရှိသူသာ ဖြစ်သော်လည်း တပ်ပြေးဖြစ်ပြီး နောက် ဆန့်ကျင်ဘက်အဖွဲ့များအတွင်း ရောက်ရှိသည့်အခါ ၎င်းက မိမိ ကိုယ်မိမိ ဗိုလ်မှူးစိုင်းသိန်းဝင်းဟု လိမ်ညာပြောဆိုပြီး ဗိုလ်မှူးအဆင့် တံဆိပ်များတပ်ဆင်၍ သတင်းထုတ်လွှင့်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့အပြင် ၎င်းသည် တပ်ပြေးတစ်ဦးဖြစ်ရုံသာမက အခြားပြစ်မှုများကိုပါ ဖောက်ဖျက် ကျူးလွန်ထားသဖြင့် သက်ဆိုင်ရာက အရေးယူရန် ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရသည်။

ဝရမ်းပြေး
အောင်လင်း
ထွန်း

ဝရမ်းပြေး အောင်လင်းထွဋ်သည် အမှတ်(၂၆) (၁၄၄)လမ်း အရိုးကုန်း တာမွေမြို့နယ် ရန်ကုန်မြို့နေ (အဖ) ဦးအေးကျော်၊ (အမိ)ဒေါ်ခင်ကြည်တို့၏ သားဖြစ်ပြီး တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် ၁၉၇၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ခန့်အပ်ခြင်းခံရကာ ၁၉၉၉ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဇွန် ၂၀ ရက်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခဲ့သည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ မြန်မာသံရုံး၌ သံမှူးကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၄၅၂၅ ဒေါ်လာကို ကိုယ်ကျိုး ရယူသုံးစွဲမှုအတွက် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ် စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃/ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄(က)/ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂၊ နိုင်ငံတော် လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသောကြောင့် ၁၉၅၀ပြည့်နှစ် အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ ၅(ည)/ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂တို့အရ ရန်ကုန်တိုင်းတရားရုံးသို့ တရားစွဲဆိုခဲ့ရာ ၂၀၀၅ ခုနှစ် မေ ၂၀ ရက်တွင် ဝရမ်းပြေးအဖြစ် ကြေညာခံထားရသူ ဖြစ်သည်။ ထို့အပြင် သတင်းတပ်ဖွဲ့မှ တရားလိုပြုလုပ်၍ နိုင်ငံတော်ပုန်ကန်မှုဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၂(၂)/ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂အရ ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံးမှ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဝရမ်းပြေးအဖြစ် ကြေညာခံထားရသူဖြစ်သည်။

အထက်ဖော်ပြပါ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးများသည် မြန်မာနိုင်ငံ ၏ အကျိုးစီးပွားပျက်ပြားစေရန် လုပ်ကြံဖန်တီးခဲ့သော်လည်း မြန်မာနိုင်ငံ အတွင်းရှိ ၎င်းတို့၏ မိသားစုများအား သက်ဆိုင်ရာက ထိန်းသိမ်းခြင်း၊ ဖမ်းဆီး အရေးယူခြင်း မရှိကြောင်းနှင့် အယ်လ်ဂျာဇီးရား၏ သတင်းထုတ်လွှင့်ချက် များကို ကြည့်ရှုရသည့် ပြည်သူများအတွင်း အဆိုပါ တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးများသည် အဖျက်အမှောင့်သမားများ၏ ငွေကြေးဖြင့် စည်းရုံး သိမ်းသွင်း အသုံးချမှုခံနေရကြောင်းနှင့် ယခုကဲ့သို့ ၎င်းတို့၏ ကိုယ်ရေး ကိုယ်တာအကျိုးစီးပွား တစ်ခုတည်းအတွက် လီဆယ်လုပ်ကြံရန် မသင့် ကြောင်း ဝေဖန်ပြောကြားလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းမီဒီယာများတွင် မြန်မာနိုင်ငံ အနေဖြင့် နျူကလီးယား လက်နက်ပိုင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နျူကလီးယားအစီအစဉ်တစ်ရပ် ဖော်ဆောင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု စွပ်စွဲထုတ်လွှင့်ခဲ့၊ ဝေဖန်ထုတ်လွှင့်ပြောဆို ချက်များသည် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များသာဖြစ်ပြီး မိမိတို့နိုင်ငံ အပေါ် နိုင်ငံရေးအရ ထိုးနှက်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းသာဖြစ်၊ ယင်းစွပ်စွဲချက်များသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာဌာနများက မမှန်မကန် ဖန်တီးထုတ်လွှင့်ချက်များဖြစ်။

မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းပူးပေါင်းမြှင့်တင်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်ရေးနှင့် မြန်မာ-ဗီယက်နမ်ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေး အစီအစဉ်အဖြစ် Myanmar -Vietnam Tourism Promotion Seminar ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Chong Phung နှင့် ဗီယက်နမ်ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာန ဥက္ကဋ္ဌ Mr. Nguyen Van Tuan၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုးတို့ တက်ရောက်ကြပြီး မြန်မာနှင့် ဗီယက်နမ်တို့၏ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေးလုပ်ငန်းများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနတို့၏ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း ပူးပေါင်းမြှင့်တင်ရေး ဆွေးနွေးပွဲကို Ball. Room (3) ၌ ဆက်လက်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ခရီးသွားလုပ်ငန်း အုပ်ချုပ်ရေးဌာန ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့က နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့၏ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဗီယက်နမ်ခရီးသွား လုပ်ငန်း အုပ်ချုပ်ရေးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး Mr. Dinh Ngoc Duc၊ လေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာ Mr. Cao Xuan Phu နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးမှုဘဏ်မှ Senior Vice President, Mr. Dao Le Nguyen တို့က ဗီယက်နမ် ခရီးသွား လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းရှင်များအချင်းချင်း အပြန်အလှန် ခရီးစဉ်ဆောင်ရွက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။ ညပိုင်းတွင် အဆိုပါ ဟိုတယ်၌ ညစာစားပွဲကို ကျင်းပသည်။

ယင်းဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၂ ရက်မှစတင်၍ ပုဂံနှင့် မန္တလေး ဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာလည်ပတ်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလ တစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာတပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မော်တော်ဆိုင်ကယ်မောင်းလိုင်စင် ရက်တိုယာဉ်မောင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ဟင်္သာတ)မှ မော်တော်ဆိုင်ကယ်မောင်း ရက်တိုယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁၀) ဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၄ ရက်က အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသ ရွှေကျောင်းတိုက်ဝင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူ ၅၂၃ ဦး တက်ရောက်ကြသည်။

သင်တန်းကို ဇွန် ၄ ရက်မှ ၆ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးအောင်ဝင်းက မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ်ဦးထုပ်အသုံးပြုမှုနှင့် ပတ်သက်၍ သိသင့်သည့်အချက်အလက်များ၊ ယာဉ်မောင်းသူများလက်စွဲပါ စည်းကမ်းချက်များ၊ မော်တော်ဆိုင်ကယ် အန္တရာယ်ဖြစ်မှု လျော့နည်းကျဆင်းရေး စာတမ်းပါအချက်အလက်များ ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ကညန)



ဇွန် ၅ရက်က ကျောက်တံတားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ဝန်ထမ်းသားသမီး ၂၂ ဦးအတွက် ငွေကျပ် ၂၃၈၀၀၀၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က ထောက်ပံ့ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ (၆)ကြိမ်မြောက် နှစ်ပတ်လည်သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုသွေးလှူရှင်အသင်းက ဇွန် ၁၄ ရက်တွင် ကျရောက်မည့် (၆)ကြိမ်မြောက် နှစ်ပတ်လည်တွင် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီ တွင် ရန်ကုန်မြို့ရှိ အမျိုးသားသွေးလှူဘဏ်၌ ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းပွဲသို့ မြန်မာဘရူဝါရီလီမိတက်မှ သွေးလှူရှင်ဝန်ထမ်းများနှင့် စီးပွားဖက်မိတ်ဆွေ သွေးလှူရှင်များ၊ မြန်မာဘရူဝါရီလီမိတက်မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong နှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ သွေးလှူဒါန်းပွဲတွင် မြန်မာဘရူဝါရီလီမိတက်မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီး မောင်မောင်စိန် (ငြိမ်း)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က အလှူငွေကျပ် သိန်း ၃၀ ကို အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ဒေါက်တာ ဒေါ်သီတာအောင်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာဒေါ်သီတာအောင်က ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ထမ်းများနှင့် စီးပွားဖက်မိတ်ဆွေများက စုပေါင်းသွေးလှူဒါန်းကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ၊ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်သီတာအောင်၊ မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong နှင့် တာဝန်ရှိသူများက ဝန်ထမ်းများနှင့် စေတနာသွေးလှူရှင်များ၏ သွေးလှူဒါန်းမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့သွေးလှူဒါန်းပွဲတွင် သွေးလှူရှင်ပေါင်း ၄၄၇ ဦးတို့က သွေးအိတ်ပေါင်း ၃၃၇ အိတ်ကို လှူဒါန်းခဲ့ကြသည်။

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်က ၂၀၀၆ ခုနှစ်မှ စတင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တစ်ကြိမ် သွေးလှူဒါန်းပွဲကို ကျင်းပခဲ့ရာ ၂၀၀၆ ခုနှစ်တွင် သွေး ၁၈၄ ပုလင်း၊ ၂၀၀၇ ခုနှစ်တွင် ၂၀၁ ပုလင်း၊ ၂၀၀၈ ခုနှစ်တွင် ၂၄၈ ပုလင်း၊ ၂၀၀၉ ခုနှစ် မေလတွင် ၄၃၉ ပုလင်းနှင့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ၇၀၆ ပုလင်း စုစုပေါင်း ၁၇၇၈ ပုလင်းတို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့ပြင် မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှု မြန်မာမှုအစီအစဉ်က ဇွန် ၁၈ ရက်တွင် မြန်မာဘရူဝါရီလီမိတက် စက်ရုံနှင့် မန္တလေးအရောင်း ရုံးခွဲတို့၌လည်း ဝန်ထမ်းများ၏ သွေးလှူဒါန်းပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်း သွေးလှူရှင် ၅၄၅ ဦးတို့က စာရင်းပေးသွင်းထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှု သွေးလှူရှင်အသင်း၏ (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က အလှူငွေကျပ်သိန်း ၃၀ ကို အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်သီတာအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

LG အရောင်းကိုယ်စားလှယ်ကြီးများ ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ရှုရန်ထွက်ခွာ

နေပြည်တော် ဇွန် ၁၁

TMW Enterprise Ltd. က တင်သွင်းဖြန့်ဖြူးသော LG အယ်လ်စီဒီ၊ တီဗွီ၊ ဒီဗွီဒီ၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ အဲယားကွန်းနှင့် Home Appliance စသည့် အီလက်ထရွန်နစ်ပစ္စည်းများ၏ ၂၀၁၀ ခုနှစ် LG လျှပ်စစ်ပစ္စည်းအရောင်းမြှင့်တင်ရေးပွဲတော်ကာလ မတ် ၉ ရက်မှ ဇွန် ၉ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုသည့်အနေဖြင့် LG Electronic (Thailand) နှင့် TMW Enterprise Ltd. တို့ ပူးပေါင်းစီစဉ်၍ တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များအား ကြည့်ရှုရန်နှင့် တောင်အာဖရိကနိုင်ငံအတွင်း လည်ပတ်ရန်အတွက် ဇွန် ၁၀ ရက်ညတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဗန်ကောက်မြို့သို့ ထွက်ခွာသွားကြသည်။

တောင်အာဖရိကနိုင်ငံတွင် ဇွန် ၁၄ ရက်မှ ၁၈ ရက်ထိ ငါးရက်ကြာလည်ပတ်မည်ဖြစ်ပြီး ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

(၁၉) ကြိမ် မြောက် ၂၀၁၀ က မ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲ မြင် ကွင်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ စတင် တောင်အာဖရိကနှင့် မက္ကဆီကိုတို့ ပွဲဦးထွက်ယှဉ်ပြိုင် အကြိတ်အနယ်ကစားပြီး တစ်ဂိုးစီ သရေကျ

ဂျိုဟန်နစ္စဘတ် ဇွန် ၁၁

(၁၉)ကြိမ်မြောက် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို တောင်အာဖရိက နိုင်ငံ ဂျိုဟန်နက်စဘတ်မြို့ရှိ Soccer City ဘောလုံးကွင်းမှာ အဖွင့်ပွဲစဉ်အဖြစ် အိမ်ရှင်တောင်အာဖရိကအသင်းနဲ့ မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။

ပွဲထွက်ကစား

အိမ်ရှင်တောင်အာဖရိကအသင်းဟာ ပွဲဦးထွက်ရလဒ်ကောင်းနိုင်ရေးအတွက် ကူနီ၊ စီဘိုနီဘိုဂါဇာ၊ ကူမာလို၊ မိုကိုနာ၊ သဝါလာ၊ ဒီဂါစီယို၊ မိုဒီဆီ၊ ပီနား၊ တာဟာဘာလာလာ၊ ပါကား စတဲ့ အဓိက ကစားသမားများနဲ့ ပွဲထွက် လာခဲ့ပြီး မက္ကဆီကိုမှာတော့ အော်စကာ ပီရက်ဇ်၊ မားကွက်ဇ်၊ ရိုဒရီဂွက်ဇ်၊ ဆဲလ်စီဒို၊ အိုဆိုရီယို၊ တိုရာဒို၊ ဘာရီရာ၊ ကက်စထရို၊ ဖရန်ကို၊ ဗီလာတို့နဲ့ လူစုံခဲ့ ပါတယ်။

ဒီနေ့ပွဲမှာ မက္ကဆီကိုအသင်းဟာ ပရိသတ်ကို ရှိန်မနေဘဲ ခြေစစ်ပွဲ၊ ခြေစမ်းပွဲများက ခြေစွမ်းအတိုင်း ကွင်းလယ်ကစားကွက်မိမိနဲ့ အိမ်ရှင် တောင်အာဖရိကဘက်ကို တိုက်စစ်ဆင် ထိုးဖောက် ကစားနိုင်ခဲ့တာကို တွေ့ရ ပါတယ်။ ဒါကြောင့် မက္ကဆီကိုအသင်း ဟာ နှစ်မိနစ်၊ ၁၄ မိနစ်၊ ၁၉ မိနစ်တို့မှာ ဂိုးသွင်းခွင့်တွေရရှိခဲ့ပေမယ့် ဂိုးပေါက် လွဲချော်ခဲ့ရပါတယ်။ ၃၂ မိနစ်မှာ မက္ကဆီကိုတိုက်စစ်မှူး ဖရန်ကို ရင်ဘတ်နဲ့ တစ်ချက်ထိန်းပြီး ကန်သွင်းခဲ့ပေမယ့် တောင်အာဖရိကဂိုးသမား ကူနီ အကောင်း ဆုံး ကာကွယ်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၃၇ မိနစ်မှာ ထောင့်ကန်ဘောကတစ်ဆင့် မက္ကဆီကို တိုက်စစ်မှူး ဗီလာ ဂိုးသွင်းယူ နိုင်ခဲ့ပေမယ့် ဒိုင်က လူကျွံဘော သတ် မှတ်ခဲ့တာကြောင့် အငြင်းပွားဖွယ်ရာဖြစ်ခဲ့ သလို မက္ကဆီကိုအတွက် တစ်ဂိုးနစ်နာ ခဲ့ရပါတယ်။ ပထမပိုင်းမှာ မက္ကဆီကိုက ဘောလုံးပိုင်ဆိုင်မှု ၆၁ ရာခိုင်နှုန်းရှိခဲ့ပြီး အိမ်ရှင်တောင်အာဖရိကအသင်းက ၃၉ ရာခိုင်နှုန်းသာရှိခဲ့ပါတယ်။

အိမ်ရှင်တောင်အာဖရိကအသင်းမှ တာဟာဘာလာလာ ဦးဆောင်ဂိုး သွင်းယူစဉ်။

မက္ကဆီကိုအတွက် ချေပဂိုးကို နောက်ခံလူ မားကွက်ဇ် သွင်းယူစဉ်။

ဦးဆောင်ဂိုးသွင်း

ဒုတိယပိုင်းပြန်အစမှာ အိမ်ရှင် တောင်အာဖရိကအသင်းက အနည်းငယ် အသာစီးရယူပြီး ဖိကစားလာနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ပွဲချိန် ၅၅ မိနစ် မှ အိမ်ရှင်တို့ ဦးဆောင်ဂိုးရယူနိုင်ခဲ့ပါ တယ်။ ဒီဂိုးကတော့ ကွင်းလယ်ညာခြမ်း ကနေ ဖြတ်တင်ပေးတဲ့ဘောလုံးကို တာဟာဘာလာလာဆွဲပြေးပြီး ဘယ်ခြေနဲ့ ထောင့်ဖြတ် အပြင်းကန်သွင်းခဲ့တာကို မက္ကဆီကိုဂိုးသမား ကာကွယ်နိုင်စွမ်း မရှိခဲ့တာကြောင့် အိမ်ရှင်ရဲ့ ဦးဆောင်ဂိုး ကို ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာ တစ်ဂိုးရှုံးနေတဲ့ မက္ကဆီကိုအသင်းဟာ ချေပဂိုးပြန်လည် ရရှိရေးအတွက် တိုက်စစ်ဆင်လာခဲ့ရာ ပွဲချိန် မိနစ် ၆၀ မှာ ဒေါ့စ်ဆန်းတို့စ် ကန်ချက်ကောင်းခဲ့ပေမယ့် တောင်အာ ဖရိက ဂိုးသမား ကူနီ လက်စွမ်းပြ ကာကွယ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် ၇၉ မိနစ် အရောက်မှာတော့ မက္ကဆီကို နောက်ခံလူ မားကွက်ဇ်က ဂိုးနဲ့ အနီး ကပ်ကန်သွင်းပြီး ချေပဂိုးရယူနိုင်ခဲ့ ပါတယ်။

အဲဒီနောက်ပိုင်းမှာ တစ်ဖက်နဲ့ တစ်ဖက် အနိုင်ဂိုး သွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် သရေပွဲအဖြစ်နဲ့သာ ပြီးဆုံးခဲ့ရပါတယ်။ ဒီပွဲရဲ့ အကောင်းဆုံး ကစားသမားဆုကို မက္ကဆီကို တိုက်စစ် မှူး ဒေါ့စ်ဆန်းတို့စ်က ရရှိသွားကာ ပရိသတ် ၈၃၅၄၈ ဦး လာရောက် ကြည့်ရှုအားပေးခဲ့ပါတယ်။ ။

ဝင်းတင်(ကြေးမုံ)

အာဂျင်တီးနားနှင့် အင်္ဂလန်တို့ ပွဲဦးထွက်လုနိုင်သည့် ၂၀၁၀ ကမ္ဘာ့ဖလား ဒုတိယနေ့ပွဲစဉ်များ

တောင်အာဖရိကနိုင်ငံမှာ ကျင်းပလျက်ရှိတဲ့ ၂၀၁၀ ကမ္ဘာ့ဖလား ဒုတိယနေ့ပွဲစဉ်များမှာ နာမည်ကြီး အာဂျင်တီးနားနဲ့ အင်္ဂလန်တို့ပွဲဦးထွက်မျက်နှာပန်းလှနိုင်မလားဆိုတာ စောင့်ကြည့်ကြရဦးမှာပါ။

တောင်ကိုရီးယား-ဂရိ
၁၂-၆-၂၀၁၀(စနေနေ့)
ညနေ ၆ နာရီ

နည်းပြ ဟူချန်မိုးကိုင်တွယ်နေတဲ့ အာရှတိုက်ကိုယ်စားပြု တောင်ကိုရီးယားအသင်းဟာ တစ်ဦး ချင်းကျွမ်းကျင်မှုမရှိပေမယ့် လျင်မြန်မှုကိုအားပြုကစားတတ်တာကြောင့် စိတ်ဝင်စားစရာ တစ်မျိုး ကောင်းနေပါတယ်။ ဂရိကတော့ ခံစစ်ကောင်းတဲ့အသင်းပီပီ နောက်တန်းကိုအထိုင်ချပြီး တန်ပြန် တိုက်စစ်နဲ့ ကစားလာဖို့ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့ အဆင့်အတန်းကကွာခြားပေမယ့် ကြိုးစား အားထုတ်မှုကောင်းတဲ့ တောင်ကိုရီးယား သရေရအောင်ကစားသွားဖို့ရှိနေပါတယ်။

အာဂျင်တီးနား-နိုင်ဂျီးရီးယား
၁၂-၆-၂၀၁၀ (စနေနေ့)
ည ၈း၃၀ နာရီ

ချန်ပီယံဖြစ်ဖို့ ရေပန်းစားနေတဲ့ အာဂျင်တီးနားအသင်းဟာ မက်ဆီ၊ တီဗက်ဇ်၊ မီလီတိုတို့ တိုက်စစ် အတွဲနဲ့ ပွဲထွက်လာဖွယ်ရှိနေတာကြောင့် အီရှိုဂျီလီ၊ ရှစ်သူ၊ ယိုဘိုနဲ့ တိုင်ဝိုတို့ နိုင်ဂျီးရီးယား နောက်တန်း ထိန်းချုပ်ရခက်ခဲဦးမှာပါ။ ခြေစွမ်းအရလည်း အာဂျင်တီးနားက အပြတ်အသတ်သာနေတာကြောင့် ဂိုးပြတ်နဲ့ အနိုင်ရဖို့ ရာနှုန်းများနေပါတယ်။

အင်္ဂလန်-အမေရိကန်
၁၃-၆-၂၀၁၀(တနင်္ဂနွေနေ့)
နံနက် ၁ နာရီ

ကမ္ဘာကျော် ကစားသမားအများစုပါဝင်နေတဲ့ အင်္ဂလန်အသင်းဟာ အမေရိကန်ကို ခြေအသာ၊ ကစား ကွက်အသာနဲ့ တစ်ဖက်သတ်ဖိကစားလာဖို့ရှိနေပါတယ်။ ဝိန်းရွန်နေး ပါဝင်လာဖွယ် မရှိပေမယ့် ဒီဖိုးနဲ့ ခရောင့်ချ်တို့တိုက်စစ်အတွဲက အမေရိကန်အသင်းဘက်ကို ဂိုးတွေသွင်းပြီး ပွဲဦးထွက် အနိုင်သုံးမှတ်ရသွားမှာပါ။

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း၊ အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး
၂၀၁၀ ခုနှစ်၊ တရားမအထွေထွေမှု အမှတ်-၅၃
ကွယ်လွန်သူ-ဦးအောင်ခင်၌ ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။
ဒေါ်အုန်းသန်း
အမှတ်(၁)၊ ၆-လွှာ၊ ဒေါ်သိန်းတင်လမ်း၊
ကန်တော်ကလေးအရှေ့ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်အုန်းသန်းက ကွယ်လွန်သူ ဦးအောင်ခင်သည် ၎င်း၏ ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပါ လိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအောင်ခင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော် လျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ၊ ကြော်ငြာ သည်မှာ ၎င်းကွယ်လွန်သူ-ဦးအောင်ခင်မှာ ကျန်ရှိရစ်သောပစ္စည်းများ အပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ ခုနှစ်၊ ဇွန်လ (၂၂)ရက် (၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၁)ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အုန်းသန်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၀ ခုနှစ်၊ ဇွန်လ (၈)ရက် နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ကြည်)
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-ပီ)၊ မြေကွက်အမှတ်(၃၂)၊ဧရိယာ(၀. ၀၂၈)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆ လမ်း၊ အမှတ်-၁၈ဟုခေါ်တွင်သည့် မြေကွက်နှင့်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်အေးမြင့်[၁၂/မဂတ(နိုင်)၀၀၂၅၂၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးစိုး
B.Sc,Hon(IC),HGP,R.L,D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်-၂၇(က)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294866,294766 HP:09-501 7044

ဥ တု ရာ သီ တော ကို မီး ၏

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရွှေရတနာ(ရွှေနံ့ရဲ)လမ်း၊ အမှတ်-၁၈/ယ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၃၀)လှူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်(၁၈/ယ၂)မြေဧရိယာ(၀. ၁၅၁)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက် ပေါ်ရှိအဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်များအားလုံးတို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ငွေး အောင်[၁၂/ကမရ(နိုင်)၀၄၆၁၁၄]မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအားအရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီးလာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LLB)	**ဒေါ်လှလှခိုင်(LL.B)**
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)	**တရားရုံးချုပ်ရှေ့နေ(၅၄၁၀)**

တိုက်(၉/၁၁)၊ အခန်း(၂၀၁-အေ)(ဒုတိယထပ်)၊ ၃၆လမ်း (အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အမည်ပြောင်း

မိုင်းရှူးမြို့ အထက၊ အဌမတန်းမှ ဦးကျော်မင်းလှိုင်၏ သမီးဖြစ်သူ နန်းမွေမွေစံအား မစန္ဒာထက် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မစန္ဒာထက်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကူးသန်းဆက်သွယ်မှုများရှိ အချို့နိုင်ငံများက ကုန်စည်ရောင်းဝယ်မှုအပေါ် မြန်မာနိုင်ငံအား စွပ်စွဲမှုများ ပြုလုပ်သော်လည်း အခြေအမြစ်မရှိ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဇွန် ၁၁

မြန်မာနိုင်ငံ၏ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

နျူကလီးယားလက်နက် ပိုင်ဆိုင်ရန် မြန်မာနိုင်ငံက ကြိုးပမ်းလုပ်ဆောင်နေကြောင်း အယ်လ်ဂျာဇီးရား သတင်းဌာနက ထုတ်လွှင့်ဖော်ပြခဲ့၊ အဆိုပါ ထုတ်လွှင့်ချက်မှာ မှန်ကန်မှုမရှိ

တပ်ပြေး၊ ဝရမ်းပြေး၊ ပြည်ပြေးအချို့တို့၏ လီဆယ်လုပ်ကြံ ပုံကြီးချဲ့ ဖန်တီးခဲ့မှုအပေါ် အခြေခံ၍ ထုတ်လွှင့်ခဲ့ခြင်းသာဖြစ်

နေပြည်တော် ဇွန် ၁၁

ကာတာနိုင်ငံ ဒိုဟာမြို့၌ ဌာနချုပ်ထားရှိပြီး မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဌာနခွဲတစ်ခု ဖွင့်လှစ်ထားသော အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားအစီအစဉ်က မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နျူကလီးယားလက်နက် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သတင်းများကို

စာမျက်နှာ ၉ ကော်လံ ၁ သို့☆